# ယာနံ့ရွှေစေး နေ့စဉ်

The Mandalay Daily

၁၉၉၇ ခုနှစ် ဖိုဝင်ဘာလ ၃၀ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၇)၊ အမှတ်(၁၉၂)၊ ၁၃၈၆ ခုနှစ်၊ နယုန်လဆန်း ၈ ရက်၊ ၁၄–၆–၂၀၂၄၊ သောကြာနေ့။


## မြတ်ဗုဒ္ဓ၏ အဆုံးအမတရား

သာယာသောစကားကို ပြောဆိုတတ်သော်လည်း ရုပ်အဆင်းပင်လှသော်လည်း သူတစ်ပါးစည်းစိမ်ကို ငြူစူတတ်၊ ဝန်တိုတတ်၊ ကောက်ကျစ်စဉ်းလဲတတ်လျှင် ထိုသူသည် သူတော်ကောင်းမဟုတ်။ (ဓမ္မပဒ)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# မြန်မာနိုင်ငံ ရောဂါကာကွယ်ထိန်းချုပ်ရေးဗဟိုဌာနနှင့် သင်တန်းကျောင်းဖွင့်ပွဲ အခမ်းအနားကျင်းပ

## မြန်မာနိုင်ငံ၏ ကျန်းမာရေးအဆင့်အတန်းကို နိုင်ငံတကာနှင့်ရင်ပေါင်တန်းပြီး တိုးတက်အောင်ဆောင်ရွက်နိုင်တော့မည်ဖြစ်ပြီး အပြည်ပြည်ဆိုင်ရာ ကျန်းမာရေးပြဋ္ဌာန်းချက်နှင့် ကမ္ဘာလုံးဆိုင်ရာ ကျန်းမာရေးလုံခြုံမှုဆိုင်ရာ အစီအမံများကိုလည်း ပိုမိုထိရောက်စွာ ဆောင်ရွက်လာနိုင်မည်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်ကိုယ်စား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး အောင်လင်းဒွေး မြန်မာနိုင်ငံ ရောဂါကာကွယ်ထိန်းချုပ်ရေးဗဟိုဌာနနှင့် သင်တန်းကျောင်းရှိ CDC ပြခန်းငယ်ကို လှည့်လည်ကြည့်ရှုစဉ်။

နေပြည်တော် ဇွန် ၁၃

မြန်မာနိုင်ငံ ရောဂါကာကွယ်ထိန်းချုပ်ရေးဗဟိုဌာနနှင့် သင်တန်းကျောင်း (Myanmar National Center for Disease Control and Medical Training Center) ဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ အဆိုပါ ဗဟိုဌာနနှင့် သင်တန်းကျောင်း အဆောက်အအုံ၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်ကိုယ်စား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးအောင်လင်းဒွေး တက်ရောက်ဖွင့်လှစ်ပေးသည်။

### တက်ရောက်

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ပါမောက္ခချုပ်များနှင့် ပါမောက္ခများ၊ ဗဟိုအဆင့် ဆေးရုံအုပ်ကြီးများ၊ ကျန်းမာရေး နယ်ပယ်အသီးသီးမှ ပညာရှင်များ၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး၊ China CDC မှ

စာမျက်နှာ ၃ သို့ ✻

## ယနေ့ ဖတ်စရာ အညွှန်း


နက်ဇတာအား တစ်နှစ်တာချုပ် ချုပ်ဆိုကာ နည်းပြသစ်အဖြစ် မွန်ဇာအသင်း ခန့်အပ်

စာမျက်နှာ ၁၁

— — — — — — — — —

ချောကလက်မည်း ၁၅၅ မျိုးကို တတ်ခွဲစစ်ဆေးရာ ဘေးဖြစ်စေတတ်သော ဓာတ်ပစ္စည်းများ မတွေ့ရှိရ

စာမျက်နှာ ၁၄


## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

(၂၀၂၄ ခုနှစ်၊ ဇွန်လ ၁၃ ရက်
ည(၇း၀၀)နာရီအချိန် ထုတ်ပြန်ချက်)

**မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)နှင့် ကယားပြည်နယ်တို့တွင် နေရာကျဲကျဲ၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ချင်းပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်ပါသည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**နေပြည်တော်နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**မန္တလေးမြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**မိုး/ဓလ**

၂၀၂၄ ခုနှစ်၊ ဇွန် ၁၄ ရက်၊ သောကြာနေ့။

မန္တလေး နေ့စဉ်

# မြန်မာနိုင်ငံလုံးဆိုင်ရာ ပညာရေးညီလာခံကျင်းပမည်

မြန်မာနိုင်ငံလုံးဆိုင်ရာပညာရေး ညီလာခံ(၂၀၂၄)ကို တိုင်းချစ်ပြည်ချစ်စိတ်ရှိသည့် လူငယ်များ ပေါ်ထွန်းလာစေရန်၊ အရည်အသွေးပြည့်ဝသော ပညာတတ်များမွေးထုတ်ပေးနိုင်ရန်၊ ထုတ်လုပ်မှုကို အားပေးသည့် သက်မွေးပညာများ ဖွံ့ဖြိုးတိုးတက်လာစေရန်၊ ဆရာ၊ ဆရာမများ၏ အရည်အသွေးကို စဉ်ဆက်မပြတ်မြှင့်တင်နိုင်ရန်၊ သုတေသနနှင့် တီထွင်ဆန်းသစ်မှုဖွံ့ဖြိုးတိုးတက်စေရန်နှင့် အရည်အသွေး အာမခံမှုရှိသည့် ပညာရေးစနစ်ပိုမိုအားကောင်းလာစေရန်ဆိုသည့် ရည်ရွယ်ချက်များဖြင့် ဒုတိယအကြိမ် မြန်မာနိုင်ငံလုံး ဆိုင်ရာ ပညာရေးညီလာခံကို ကျင်းပမည်ဖြစ်သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံတော်၏ ပညာရေးအဆင့်အတန်း တိုးတက်လာရေးအတွက် အားသွန်ခွန်စိုက်ဆောင်ရွက်ပေးနေသည်ကို အားလုံးအသိပင်ဖြစ်ကြောင်း၊ ကျောင်းနေအရွယ်ကလေးများအားလုံးကျောင်းတက်ရေးနှင့် KG+9 ပြီးမြောက်ရေးဆောင်ရွက်ခြင်း၊ အခြေခံပညာနှင့် စက်မှု၊ လက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အထက်တန်းကျောင်းများ တိုးချဲ့ဖွင့်လှစ်ပေးခြင်း၊ Naypyitaw State Academy ဖွင့်လှစ်ပေးခြင်း၊ အုပ်ချုပ်မှုစရိတ်နှင့် ထောက်ပံ့ငွေများ ချီးမြှင့်ခြင်း၊ စွမ်းရည်မြှင့်သင်တန်းများဖွင့်လှစ်စေခြင်း၊ စာတတ်မြောက်သူများ တိုးပွားလာစေရေးဆောင်ရွက်ခြင်း၊ စာဖတ်သော အလေ့အထတိုးပွားလာအောင်ဆောင်ရွက်ပေးနေခြင်းတို့သည် ထင်ရှားသည့် သာဓကများဖြစ်ကြောင်း၊ နိုင်ငံတော်အစိုးရ၏ အားထုတ်မှုသာမက ပြည်သူအားလုံးက ပညာ၏ တန်ဖိုးကို သိရှိပြီး အားထုတ်ခြင်းကသာ နိုင်ငံ၏ ပညာရေးရည်မှန်းချက်ကို အောင်မြင်စေမည်ဖြစ်ကြောင်း၊ နိုင်ငံတော်ဝန်ကြီးချုပ်က နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတော်၏ ပညာရေး၊ ကျန်းမာရေးစသည့် လူမှုရေးကဏ္ဍနယ်ပယ် အသီးသီးတွင် မူလအခြေနေကထက်ပင် ပိုမို၍ အဆင့်အတန်းမြင့်မားတိုးတက်လာစေရေး ဆောင်ရွက်ရမည်ဟု လမ်းညွှန်မှာကြားထားသည့်အတွက် သက်ဆိုင်ရာကဏ္ဍအလိုက် အောင်မြင်စွာဆောင်ရွက်နိုင်ရန်အတွက် လိုအပ်သည့် အရင်းအမြစ်များ ဖြည့်ဆည်းပေးနိုင်ရေး စီမံဆောင်ရွက်ပေးနေသကဲ့သို့ သက်ဆိုင်ရာဝန်ကြီးဌာနများကလည်း မိမိတို့တာဝန်ယူရသည့် ကဏ္ဍများကို အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်ပေးကြရန်လိုကြောင်း မြန်မာနိုင်ငံလုံးဆိုင်ရာပညာရေးညီလာခံ(၂၀၂၄)ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းက ဇွန် ၁၂ ရက် မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ပညာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည့် မြန်မာနိုင်ငံလုံးဆိုင်ရာ ပညာရေးညီလာခံ(၂၀၂၄)ကျင်းပရေးဦးစီးကော်မတီ ညှိနှိုင်းအစည်းအဝေး၌ ပြောကြားခဲ့သည်။

ဒုတိယအကြိမ်မြောက် မြန်မာနိုင်ငံလုံးဆိုင်ရာ ပညာရေးညီလာခံ(၂၀၂၄)ကို လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးပညာရေးကို ပိုမိုမြှင့်တင်ပေးဆိုသည့် ဦးတည်ချက်ဖြင့် ဇွန် ၂၅ ရက်မှ ၂၇ ရက်အထိ ၃ ရက်တိုင်တိုင် မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန-၂ (MICC-II) တွင် ကျင်းပသွားမည်ဖြစ်ကြောင်း ရေးသားလိုက်ရပေသည်။

## ပုသိမ်ကြီးမြို့ Community Centre ခန်းမ၌ ပြိုင်ပွဲ၊ ပြပွဲများ ဆောင်ရွက်

**ပုသိမ်ကြီး ဇွန် ၁၃**

မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံခရိုင်၊ ပုသိမ်ကြီးမြို့နယ်၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရှိ Community Centre ပံသုကျီခန်းမတွင် ယနေ့ နံနက်ပိုင်းက ကျောင်းသား၊ ကျောင်းသူများ အသိပညာဗဟုသုတရရှိစေရန် ရည်ရွယ် ပြီး ပြပွဲ၊ ပြိုင်ပွဲများ ကျင်းပလျက်ရှိသည်။

ရှေးဦးစွာ မြို့နယ်ဦးစီးမှူး ဦးဇင်မင်းထွန်းက တက်ရောက်လာသည့် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများအား ပြပွဲ၊ ပြိုင်ပွဲများ ကျင်းပရခြင်း အကြောင်းများနှင့် စာပေလေ့လာဖတ်ရှုလိုစိတ်များ ရှိစေရန် ယခုလိုပွဲများကို ကျင်းပရခြင်းဖြစ်ကြောင်း အစရှိသည်များကို ရှင်းလင်းပြောကြားခဲ့သည်။

(အပေါ်ယာပုံ)



အဆိုပါ ပြိုင်ပွဲများကို ဇွန်လ ၁၃ ရက်က စတင်ကာ ၂ ရက်ကြာ ကျင်းပသွားမည်ဖြစ်သည်။ စာစီစာကုံး၊ ကဗျာရွတ်၊ ပုံပြော၊ ဆေးရောင်ခြယ်ပြိုင်ပွဲများနှင့်အတူ နံရံကပ်စာစောင်၊ စာအုပ်ပြပွဲများကိုလည်း ထည့်သွင်းကျင်းပသွားမည်ဖြစ်ကြောင်း အဆိုပါ မြို့နယ်ဦးစီးမှူးထံမှ သိရသည်။

မြို့နယ်(ပြန်/ဆက်)

## ချောင်းကြီး၊ မြောင်းကြီးများ သန့်ရှင်းသာယာရေးအတွက် နေ့စဉ်ဆောင်ရွက်လျက်ရှိ

**မန္တလေး ဇွန် ၁၃**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ နယ်နိမိတ်အတွင်းရှိ ချောင်းကြီး၊ မြောင်းကြီးများ ရေအရည်အသွေးကောင်းမွန်ရေး၊ ရေစီးရေလာကောင်းမွန်ရေးနှင့် သန့်ရှင်းသာယာရေးအတွက် လုပ်ငန်းကော်မတီဖွဲ့စည်း၍ အဖွဲ့ခေါင်းဆောင်နှင့် သန့်ရှင်းရေးဌာန၊ ရေနှင့် သန့်ရှင်းမှုဌာန၊ စည်ပင်သာယာမြို့နယ်အုပ်ချုပ်ရေးမှူးများပါဝင်သည့်အဖွဲ့သည် သက်ဆိုင်ရာဌာနများမှ လူအင်အား၊ စက်ယန္တရားများအသုံးပြု၍ ရေစီးရေလာကောင်းမွန်ရေးလုပ်ငန်းများကို နေ့စဉ်ဆောင်ရွက်လျက်ရှိသည်။

(အောက်ပုံ)

ထိုသို့ လုပ်ငန်းများဆောင်ရွက်ရာတွင် ယမန်နေ့က အောင်မြေသာစံမြို့နယ် သန့်ရှင်းရေးဌာန တာဝန်ရှိသူများသည် မဟာဇေယျာဘုံရပ်ကွက် ရေစီးရေလာကောင်းမွန်ရေးအတွက် ၂၆ လမ်းမြောက်ဘက်ခြမ်းမြောင်းအတွင်းမှ အမှိုက်နှင့် မြောင်းစာများကို လုပ်သားများက ၆၅ လမ်းနှင့် ၆၆ လမ်းကြား ဆယ်ယူရှင်းလင်းခြင်းနှင့် ရေနီမြောင်း ရေစီးရေလာကောင်းမွန်ရေးအတွက် ၁၇ လမ်းနှင့် ၁၉ လမ်းကြားတွင် တပ်ဆင်ထားသည့် အမှိုက်စစ်ဆန်ခါများမှ ဒိုက်နှင့် အမှိုက်များကို လုပ်သားများက ဆယ်ယူရှင်းလင်းခြင်းနှင့် ရွှေတာ ချောင်းမြောင်း ရေစီးရေလာကောင်းမွန်ရေးအတွက် ၁၇ လမ်းနှင့် ၁၈ လမ်းကြားမြောင်းအတွင်းမှ အမှိုက်နှင့် ဒိုက်များကို လုပ်သားများက ဆယ်ယူရှင်းလင်းဆောင်ရွက်ခဲ့ကြသည်။

ချမ်းအေးသာစံမြို့နယ် သန့်ရှင်းရေးဌာန တာဝန်ရှိသူများသည် မောရဂီဝါရပ်ကွက် ရေစီးရေလာကောင်းမွန်ရေးအတွက် ၃၁ လမ်းမြောက်ဘက်ခြမ်းမြောင်းအတွင်းမှ အမှိုက်နှင့် မြောင်းစာများကို လုပ်သားများက ဆယ်ယူရှင်းလင်းခြင်းနှင့် ဟေမာဇလရပ်ကွက် ရေစီးရေလာကောင်းမွန်ရေးအတွက် ၇၉ လမ်းအရှေ့ဘက်ခြမ်းမြောင်းအတွင်းမှ အမှိုက်နှင့် မြောင်းစာများကို E-35 ဘက်ဟိုးစက်အသုံးပြု၍ ဆယ်ယူရှင်းလင်းခြင်းနှင့် ရွှေတချောင်းမြောင်း ရေစီးရေလာကောင်းမွန်ရေးအတွက် ၈၆ လမ်း အရှေ့ဘက်ခြမ်းမြောင်းအတွင်းမှ ဒိုက်နှင့် အမှိုက်များကို လုပ်သားများက ဆယ်ယူရှင်းလင်းဆောင်ရွက်ခဲ့ကြသည်။

ချမ်းမြသာစည်မြို့နယ် သန့်ရှင်းရေးဌာန တာဝန်ရှိသူများသည် ကံသာယာရပ်ကွက် ရေစီးရေလာကောင်းမွန်ရေးအတွက် ၅၈C လမ်း လမ်းဘေး ဝဲယာ မြောင်းအတွင်းမှ အမှိုက်နှင့် မြောင်းစာများကို လုပ်သားများက ဘုန်းကြီးကျောင်းနှင့် ၁၀၈ လမ်းကြား ဆယ်ယူရှင်းလင်းခြင်းနှင့် ကန်သာယာရပ်ကွက် ရေစီးရေလာကောင်းမွန်ရေးအတွက် ၅၉ လမ်း အ·လ·က(၂၁)ကျောင်းအနောက်ဘက်ခြမ်းမြောင်းအတွင်းမှ ဒိုက်နှင့် မြောင်းစာများကို Takeuchi-4 ဘက်ဟိုးစက်အသုံးပြု၍ ၁၀၈ လမ်းနှင့် ၁၀၈A လမ်းကြား ဆယ်ယူရှင်းလင်းဆောင်ရွက်ခဲ့ကြသည်။

ပြည်ကြီးတံခွန်မြို့နယ် သန့်ရှင်းရေးဌာန တာဝန်ရှိသူများသည် ကိုလံဘိုမြောင်း ရေစီးရေလာကောင်းမွန်ရေးအတွက် မြောင်းအတွင်းမှ နွံနှင့် ဒိုက်များကို Longarm စက်အသုံးပြု၍ မြောက်ဥယျာဉ်ရပ်ကွက်နှင့် တောင်ဥယျာဉ်ရပ်ကွက်ကြား ဆယ်ယူရှင်းလင်းခြင်းနှင့် (ည) ရပ်ကွက် ရေစီးရေလာကောင်းမွန်ရေးအတွက် ၅၅ လမ်းအနောက်ဘက်ခြမ်းမြောင်းအတွင်းမှ ဒိုက်နှင့် မြောင်းစာများကို E-35 ဘက်ဟိုးစက် အသုံးပြု၍ ၁၄၁ လမ်းနှင့် ၁၄၁A လမ်းကြား ဆယ်ယူရှင်းလင်းခြင်းနှင့် ၅၆ လမ်းအနောက်ဘက်ခြမ်းမြောင်းအတွင်းမှ အမှိုက်နှင့် မြောင်းစာများကို Takeuchi ဘက်ဟိုးစက် အသုံးပြု၍ ၁၂၉ လမ်းနှင့် ၁၃၀ လမ်းကြား ဆယ်ယူရှင်းလင်းခြင်းနှင့် ၆၀C လမ်းအနောက်ဘက်ခြမ်းမြောင်းအတွင်းမှ အမှိုက်နှင့် မြောင်းစာများကို Hitachi ဘက်ဟိုးစက်အသုံးပြု၍ ၁၂၂ လမ်းနှင့် ၁၂၃ လမ်းကြား ဆယ်ယူရှင်းလင်းခြင်းနှင့် မြဝတီမင်းကြီးလမ်းမြောက်ဘက်ခြမ်းမြောင်းအတွင်းမှ အမှိုက်နှင့် မြောင်းစာများကို လုပ်သားများက လမ်း ၇၀ နှင့် ၇၁ လမ်းကြား ခုံးဖောက်ဆယ်ယူရှင်းလင်းဆောင်ရွက်ခဲ့ကြသည်။



အမရပူရမြို့နယ် သန့်ရှင်းရေးဌာန တာဝန်ရှိသူများသည် အိုးတော်ရပ်ကွက် ရေစီးရေလာကောင်းမွန်ရေးအတွက် မယ်ဇယ်လွင်ပြင်ဈေးဆိုင်တန်းမြောင်းအတွင်းမှ အမှိုက်နှင့် မြောင်းစာများကို လုပ်သားများက ဆယ်ယူရှင်းလင်းဆောင်ရွက်ကြပြီး မြို့နယ်အလိုက်ဆယ်ယူထားသည့် အမှိုက်နှင့် မြောင်းစာများကို မော်တော်ယာဉ်များဖြင့် သိမ်းဆည်းဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

(မန္တလေးနေ့စဉ်-၃)

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ်စာ မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၃၉၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/Fax-၀၂-၄၀၆၉၉၆၂၊
၂၉လမ်း၊၇၃လမ်းနှင့်၇၄လမ်းကြား၊






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်ကိုယ်စား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး အောင်လင်းဒွေး မြန်မာနိုင်ငံ ရောဂါကာကွယ်ထိန်းချုပ်ရေးဗဟိုဌာနနှင့် သင်တန်းကျောင်းအဆောက်အအုံကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးစဉ်။

* ရှေ့ဖုံးမှ

တာဝန်ရှိသူများ၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

**ဖဲကြိုးဖြတ်ဖွင့်လှစ်**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါက်တာမှုထန်၊ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ ဒုတိယဝန်ကြီး ဒေါက်တာအေးထွန်း၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတ နိုင်ငံ သံအမတ်ကြီး မစ္စတာချန်းဟိုင်၊ China CDC မှ Deputy Director General ဒေါက်တာလီချွင်နှင့် ပြည်သူ့ကျန်းမာရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမြင့်မြင့်သန်းတို့က မြန်မာနိုင်ငံ ရောဂါကာကွယ်ထိန်းချုပ်ရေး ဗဟိုဌာနနှင့် သင်တန်းကျောင်း ဖွင့်ပွဲအခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်ကိုယ်စား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး အောင်လင်းဒွေးက မြန်မာနိုင်ငံ ရောဂါကာကွယ် ထိန်းချုပ်ရေး ဗဟိုဌာနနှင့် သင်တန်းကျောင်း အဆောက်အအုံကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးသည်။

**အမွှေးနံ့သာရည်ဖြင့်ပက်ဖျန်း**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အတွင်းရေးမှူးနှင့်အဖွဲ့သည် မြန်မာနိုင်ငံ ရောဂါကာကွယ် ထိန်းချုပ်ရေး ဗဟိုဌာနနှင့် သင်တန်းကျောင်း ကမ္ပည်းမော်ကွန်း ကြေးပြားကို အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းပေးကြပြီး အခမ်းအနားသို့တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံ ရိုက်ကြသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အတွင်းရေးမှူးနှင့်အဖွဲ့သည် မြန်မာနိုင်ငံ ရောဂါကာကွယ်ထိန်းချုပ်ရေး ဗဟိုဌာနနှင့် သင်တန်းကျောင်းရှိ CDC ပြခန်းငယ်၊ မြေညီထပ်ရုံးခန်းများ၊ အစည်းအဝေးခန်းများ၊ ပြည်သူ့ကျန်းမာရေး အရေးပေါ် အခြေအနေ ကွပ်ကဲရေးဗဟိုဌာန၊ ဇီဝလုံခြုံမှုအဆင့် ဓာတ်ခွဲခန်းများ၊ နည်းပညာသုံး ကူးစက်ရောဂါ စောင့်ကြပ်ကြည့်ရှုရေး စနစ် ဆောင်ရွက်သည့် အခန်းနှင့် သင်တန်းသား အိပ်ဆောင်များကို လှည့်လည်ကြည့်ရှုကြသည်။

**အဖွင့်အမှာစကားပြောကြား**

ထို့နောက် ဖွင့်ပွဲအခမ်းအနားကို အဆိုပါ အဆောက်အအုံအတွင်းရှိ Theatre ခန်းမ၌ ဆက်လက်ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ်ကိုယ်စား နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ အတွင်းရေးမှူးက အဖွင့်အမှာစကား ပြောကြားရာတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အနေဖြင့် "တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေး အတွက် ပြည်သူအားလုံး အကျုံးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး" ကို လူမှုရေးဦးတည်ချက်တွင် ထည့်သွင်းချမှတ်ပြီး အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် ကျန်းမာရေးဝန်ကြီးဌာနက ဆောင်ရွက်လျက်ရှိသော အခြေခံကျပြီး အရေးပါသည့် ပြည်သူ့ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများကို နိုင်ငံတကာ အဆင့်မီ အရည်အသွေးပြည့်မီစွာဖြင့် စွမ်းရည်ပြည့်ဝသော ကျန်းမာရေးဝန်ထမ်းများက ဆောင်ရွက်နိုင်ရန် အရေးကြီးကြောင်း။

**စီမံထိန်းချုပ်ဆောင်ရွက်နိုင်**

ကမ္ဘာ့နိုင်ငံများတွင် သဘာဝဘေးအန္တရာယ်များ၊ ကပ်အသွင် ဖြစ်ပွားသည့် ကူးစက်ရောဂါများကြောင့် ပြည်သူ့ကျန်းမာရေး အရေးပေါ် အခြေအနေများကို ရင်ဆိုင် ကြုံတွေ့ခဲ့ရသကဲ့သို့ မြန်မာနိုင်ငံတွင်လည်း ၂၀၁၉ ခုနှစ် ဒီဇင်ဘာလမှ စတင်ခဲ့သည့် ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါ ဖြစ်ပွားမှု၊ ၂၀၂၃ ခုနှစ် မေလတွင် တိုက်ခတ်ခဲ့သည့် ဆိုင်ကလုန်းမုန်တိုင်း မိုခါကဲ့သို့ သဘာဝဘေးအန္တရာယ်များ ကြုံတွေ့ခဲ့ရကြောင်း၊ ထိုသို့ ကြုံတွေ့ရာတွင် ကြိုတင်ပြင်ဆင်ခြင်းနှင့် အချိန်နှင့်တစ်ပြေးညီ တုံ့ပြန်ဆောင်ရွက်ခြင်းများကို နိုင်ငံတော်အစိုးရ၏ ဦးဆောင်စီမံခန့်ခွဲမှု၊ ကျန်းမာရေး ဝန်ကြီးဌာနအပါအဝင် ဌာနဆိုင်ရာ ဝန်ထမ်းများနှင့် ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုတို့ဖြင့် ဟန်ချက်ညီညီ အောင်မြင်စွာ စီမံထိန်းချုပ် ဆောင်ရွက်နိုင်ခဲ့ကြောင်း။

**ကြိုတင်ပြင်ဆင်ဆောင်ရွက်**

ရာသီဥတု ပြောင်းလဲမှုဖြစ်စဉ်များ၊ လူများရွှေ့ပြောင်းသွားလာနေထိုင်မှုနှင့် ပြောင်းလဲလာသည့် လူနေမှုဘဝပုံစံကြောင့် ကမ္ဘာတစ်ဝန်းတွင် တိရစ္ဆာန်များမှ တစ်ဆင့် စတင်ကူးစက်ဖြစ်ပွားသည့် ကူးစက်ရောဂါများ အပါအဝင် ကူးစက်ရောဂါအသစ်များ ဖြစ်ပွားခြင်း၊ ယခင်ကတည်းက ရှိနေသည့် ကူးစက်ရောဂါများ ပြန်လည်ခေါင်းထောင်ပြီး ဖြစ်ပွားခြင်းများလည်း ရင်ဆိုင်ကြုံတွေ့နေရကြောင်း၊ ယင်းကဲ့သို့ ပြဿနာများကို ရင်ဆိုင်ကျော်လွှားနိုင်ရန် ကြိုတင်ပြင်ဆင် ဆောင်ရွက်ထားရမည်ဖြစ်ကြောင်း၊ ကျန်းမာရေး ပြဿနာများကို ကြိုတင်ကာကွယ်ရေး၊ တုံ့ပြန်ဆောင်ရွက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ကျန်းမာရေး ဝန်ထမ်းများအနေဖြင့် စွမ်းဆောင်ရည် မြင့်မားရန်နှင့် ဆန်းသစ်သည့် နည်းပညာများကို ကျွမ်းကျင်ပိုင်နိုင်စွာ အသုံးပြုနိုင်ရန် လိုအပ်ကြောင်း။

ပြည်သူ့ကျန်းမာရေးလုံခြုံမှုနှင့် ပြည်သူ့ကျန်းမာရေး အရေးပေါ် အခြေအနေများကို ပိုမိုထိရောက်စွာ စီမံခန့်ခွဲ ကိုင်တွယ်ဖြေရှင်းနိုင်ရန် ကမ္ဘာ့နိုင်ငံများအနေဖြင့် အားကောင်းခိုင်မာပြီး အရည်အသွေးပြည့်ဝသည့် ကျန်းမာရေး အဖွဲ့အစည်းများရှိရန် အရေးကြီးသည်ကို သတိပြုမိခဲ့ကြကြောင်း၊ ထို့ကြောင့် ကျန်းမာရေးအဖွဲ့အစည်းများကို ပိုမိုထိရောက်စွာ ပံ့ပိုးကူညီနိုင်ရန်အတွက် ကမ္ဘာ့နိုင်ငံများတွင် Centers for Disease Control and Prevention- CDC ဟု ခေါ်သည့်

စာမျက်နှာ ၄ သို့ *



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါက်တာမှုထန်၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ ဒုတိယဝန်ကြီး ဒေါက်တာအေးထွန်း၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာချန်းဟိုင်၊ China CDC မှ Deputy Director General ဒေါက်တာလီချွင်နှင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမြင့်မြင့်သန်းတို့က မြန်မာနိုင်ငံ ရောဂါကာကွယ်ထိန်းချုပ်ရေးဗဟိုဌာနနှင့် သင်တန်းကျောင်းဖွင့်ပွဲအခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။



တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာချန်းဟိုင် မြန်မာနိုင်ငံ ရောဂါကာကွယ်ထိန်းချုပ်ရေးဗဟိုဌာနနှင့် သင်တန်းကျောင်းအဆောက်အအုံနှင့်ပတ်သက်သည့် စာရွက်စာတမ်းများအား ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းထံ လွှဲပြောင်းပေးအပ်စဉ်။

* စာမျက်နှာ ၃ မှ

ရောဂါထိန်းချုပ်ရေး ဗဟိုဌာနများ ဖွင့်လှစ်တည်ထောင်ကြပြီး ရောဂါနှိမ်နင်းရေး လုပ်ငန်းများကို ထိထိရောက်ရောက် ဆောင်ရွက်လာကြကြောင်း၊ မိမိတို့ မြန်မာနိုင်ငံတွင် နိုင်ငံတကာအဆင့်မီ ရောဂါ ကာကွယ်ထိန်းချုပ်ရေး၊ သုတေသနပြုလုပ်ရေးနှင့် ကျန်းမာရေး လူ့စွမ်းအား အရင်းအမြစ်များ ဖွံ့ဖြိုးရေးဗဟိုဌာန တစ်ခု ထူထောင်နိုင်ရန်အတွက် မြန်မာနိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့၏ နှစ်နိုင်ငံချစ်ကြည်ရေး သင်္ကေတအဖြစ် တရုတ်ပြည်သူ့သမ္မတနိုင်ငံ အစိုးရက ကူညီတည်ဆောက်ထူထောင်ပေးခြင်းဖြစ်ကြောင်း၊ မြန်မာနိုင်ငံ ရောဂါကာကွယ် ထိန်းချုပ်ရေး ဗဟိုဌာနနှင့် သင်တန်းကျောင်း စီမံကိန်းကို တရုတ်ယွမ်ငွေ သန်း ၃၃၀ ခန့်ဖြင့် ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်တွင် ယခုကဲ့သို့ အကောင်အထည်ဖော် တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း၊ Myanmar CDC Center ထူထောင်နိုင်ခြင်းဖြင့် မြန်မာနိုင်ငံ၏ ကျန်းမာရေးအဆင့်အတန်းကို နိုင်ငံတကာနှင့် ရင်ပေါင်တန်းပြီး တိုးတက်အောင် ဆောင်ရွက်သွားနိုင်တော့မည်ဖြစ်ပြီး အပြည်ပြည်ဆိုင်ရာ ကျန်းမာရေးပြဋ္ဌာန်းချက်နှင့် ကမ္ဘာလုံးဆိုင်ရာ ကျန်းမာရေးလုံခြုံမှုဆိုင်ရာ အစီအမံများကိုလည်း ပိုမိုထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်လာနိုင်မည်ဖြစ်ကြောင်း။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်ကိုယ်စား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး အောင်လင်းဒွေး မြန်မာနိုင်ငံ ရောဂါကာကွယ်ထိန်းချုပ်ရေးဗဟိုဌာနနှင့် သင်တန်းကျောင်းဖွင့်ပွဲ အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

ယခု ဌာနကြီးကို ဗဟိုပြု၍ မြန်မာနိုင်ငံ တစ်ဝန်းလုံးတွင် ဖြစ်ပွားလာနိုင်သည့် သဘာဝဘေးအန္တရာယ် အမျိုးမျိုးနှင့် ပြည်သူ့ကျန်းမာရေး အရေးပေါ်အခြေအနေများကို ကြိုတင်ကာကွယ်ခြင်းနှင့် တုံ့ပြန်ထိန်းချုပ်နိုင်ခြင်း၊ ကျန်းမာရေးဆိုင်ရာ သုတေသနလုပ်ငန်းများကို လုပ်ဆောင်နိုင်ခြင်း၊ ကူးစက်ရောဂါများအတွက် မရှိမဖြစ် လိုအပ်သည့် ဓာတ်ခွဲခန်းဝန်ဆောင်မှုများကို ပိုမိုဆောင်ရွက်လာနိုင်ခြင်း၊ ပြည်သူ့ကျန်းမာရေး အရေးပေါ်ကိစ္စရပ်များနှင့် ဦးစားပေးပြည်သူ့ကျန်းမာရေးပြဿနာများကို ဖြေရှင်းရာတွင် ပံ့ပိုးပေးနိုင်ခြင်း စသည်တို့ကို ပိုမိုထိရောက်စွာ ဆောင်ရွက်လာနိုင်မည် ဖြစ်ကြောင်း၊ ကူးစက်ရောဂါများ ဖြစ်ပွားလာပါကလည်း ရောဂါပိုးမွှားများ၏ မျိုးရိုးဗီဇနှင့် သဘောသဘာဝများကို မိမိတို့ နိုင်ငံအတွင်း၌ ဓာတ်ခွဲစမ်းသပ်ဖော်ထုတ်နိုင်မည်ဖြစ်၍ ယင်းကူးစက်ရောဂါကို အချိန်တိုအတွင်း ထိရောက်စွာ ကာကွယ်ထိန်းချုပ် တုံ့ပြန်ဆောင်ရွက်နိုင်မည် ဖြစ်ကြောင်း။

သဘာဝဘေးအန္တရာယ် တစ်ခုခု ကျရောက်ခဲ့ပါက ယခုဌာနကို အခြေပြု၍ ဗဟိုအဆင့် ပြည်သူ့ကျန်းမာရေးဆိုင်ရာ အရေးပေါ် တုံ့ပြန်ဆောင်ရွက်ရေးဌာန တစ်ခု အဖြစ် ဌာနအတွင်း တပ်ဆင်ထားသည့် ကွန်ပျူတာသုံး ပထဝီသတင်းအချက်အလက် စနစ် (GIS)၊ ကမ္ဘာလုံးဆိုင်ရာ တည်နေရာပြစနစ် (GPS)စနစ်များကို အသုံးပြုပြီး ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ ထို့ပြင် အစားအစာလုံခြုံမှုဆိုင်ရာ၊ အာဟာရဆိုင်ရာ၊ လုပ်ငန်းခွင်နှင့် ပတ်ဝန်းကျင်ကျန်းမာရေးဆိုင်ရာ သုတေသနနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်သွားမည် ဖြစ်ပြီး အဆိုပါ လုပ်ငန်းများနှင့်ဆက်စပ်သည့် အဆင့်မြင့် ဓာတ်ခွဲခန်းများကိုလည်း ထည့်သွင်းဆောင်ရွက်သွားမည်ဟု သိရှိရကြောင်း၊ ထို့ကြောင့် ယနေ့ဖွင့်လှစ်သည့် မြန်မာနိုင်ငံ ရောဂါကာကွယ်ထိန်းချုပ်ရေးဗဟိုဌာနနှင့် သင်တန်းကျောင်းသည် ကပ်ရောဂါများကို ကာကွယ် ထိန်းချုပ်နိုင်သည့်၊ သဘာဝ ဘေးအန္တရာယ်များကို ထိရောက်စွာ ညှိနှိုင်းကွပ်ကဲ တုံ့ပြန်ဆောင်ရွက်နိုင်မည့်၊ သုတေသနလုပ်ငန်းများကိုလည်း လုပ်ဆောင်နိုင်မည့်၊ တစ်နေရာတည်းတွင် တစုတစည်းတည်းဖြင့် ဘက်စုံကဏ္ဍစုံမှ ဆောင်ရွက်ပေးနိုင်မည့် ဗဟိုဌာနကြီး ဖြစ်သည့်အတွက် မိမိတို့နိုင်ငံအတွက် များစွာအကျိုးရှိ အသုံးဝင်မည်ဖြစ်ကြောင်း။

ထူးခြားချက်အနေဖြင့် ယနေ့ဖွင့်လှစ်လိုက်သည့် Myanmar CDC သည် ရောဂါထိန်းချုပ်ရေး ဗဟိုဌာနအပြင် ပြည်သူ့ကျန်းမာရေးသင်တန်း အဆောက်အအုံပါ ပူးတွဲတည်ဆောက်ထားသည့်အတွက် အရည်အသွေးပြည့်မီသည့် ပြည်သူ့ကျန်းမာရေးဆိုင်ရာ သင်တန်းများ ပို့ချပေးနိုင်မည်ဖြစ်သည့်အတွက် အရည်အသွေး မြင့်မားသည့် မျိုးဆက်သစ် ကျန်းမာရေး လူ့စွမ်းအားအရင်းအမြစ်များကို မွေးထုတ်ပေးလာနိုင်မည်ဖြစ်ကြောင်း၊ ယခုကဲ့သို့ မြန်မာနိုင်ငံ ရောဂါကာကွယ်ထိန်းချုပ်ရေးဗဟိုဌာနနှင့် သင်တန်းကျောင်းကို တည်ထောင်ဖွင့်လှစ်နိုင်ရန်အတွက် ကျန်းမာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကျန်းစုပြည်နယ် ရောဂါကာကွယ်ထိန်းချုပ်ရေး ဗဟိုဌာနကို သွားရောက်လေ့လာကြည့်ရှုခဲ့ပြီး လိုအပ်ချက်များကို မိမိတို့နိုင်ငံ၏ အခြေအနေနှင့် ကိုက်ညီပြည့်စုံအောင် ဖွဲ့စည်းဆောင်ရွက်ထားသည် ကိုလည်း သိရှိရကြောင်း၊ ယခုဖွင့်လှစ်သည့် ရောဂါကာကွယ် ထိန်းချုပ်ရေး ဗဟိုဌာနတွင် နိုင်ငံတကာအဆင့်မီ ဓာတ်ခွဲခန်းများအနေဖြင့် ဇီဝလုံခြုံမှုအဆင့်မြင့်မားပြီး ကူးစက်ပြန့်ပွားလွယ်သည့် ရောဂါပိုးများကို ဓာတ်ခွဲစမ်းသပ် လေ့လာသည့် ဇီဝလုံခြုံမှုအဆင့် (၃) ရှိသည့် တုပ်ကွေးရောဂါ ဓာတ်ခွဲခန်း၊ ဇီဝလုံခြုံမှုအဆင့်(၂)ရှိသည့် ဗိုင်းရပ်စ်ပိုးဓာတ်ခွဲခန်း၊ ဗက်တီးရီးယားပိုးမွှား ဓာတ်ခွဲခန်း၊ ဇီဝလုံခြုံမှုအဆင့် (၁)ရှိသည့် အစားအစာအဏုဇီဝ ဓာတ်ခွဲခန်း၊ ရောဂါပိုးမွှား ကင်းစင်သည့် ဓာတ်ခွဲခန်း စသည့်ဓာတ်ခွဲခန်းများစွာပါဝင်ပြီး ယင်းဓာတ်ခွဲခန်းများက ရောဂါကာကွယ်ထိန်းချုပ်ရေး လုပ်ငန်းများကို ထိရောက်စွာ အထောက်အကူပြု ဆောင်ရွက်သွားနိုင်မည်ဖြစ်ကြောင်း။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး အောင်လင်းဒွေးနှင့် အခမ်းအနားတက်ရောက်လာသူများ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်စဉ်။

## လက်တွေ့စမ်းသပ် ဆောင်ရွက်မှုများ ပြုလုပ်

ဓာတ်ခွဲခန်းများတွင် တာဝန်ထမ်းဆောင်ကြမည့် ကျွမ်းကျင်ပညာရှင် ၃၅ ဦးကိုလည်း တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကျန်းစုပြည်နယ် ရောဂါကာကွယ်ထိန်းချုပ်ရေးဗဟိုဌာနသို့ စေလွှတ်ပြီး (၆) လကြာ စာတွေ့၊ လက်တွေ့ လေ့ကျင့် သင်ကြားစေခဲ့ပြီးဖြစ်ကြောင်း၊ ယခုဖွင့်လှစ်ပြီးသည့်နောက်တွင်လည်း တရုတ်ပညာရှင်များနှင့်အတူ လက်တွဲပြီး လက်တွေ့စမ်းသပ်ဆောင်ရွက်မှုများ ပြုလုပ်မည်ဖြစ်သည်ဟု သိရှိရကြောင်း၊ ဓာတ်ခွဲခန်းများ၏ စွန့်ပစ်ပစ္စည်းများမှ တစ်ဆင့် ပတ်ဝန်းကျင်ကို ဘေးအန္တရာယ်မရှိစေရန် ရေဆိုးသန့်စင်စနစ်၊ မီးရှို့စနစ်များ ပါရှိပြီးဖြစ်သည့်အတွက် နောက်ဆက်တွဲအန္တရာယ် ကာကွယ်မှုများ ပါဝင်သည်ဟု သိရှိရကြောင်း၊ ရောဂါနှိမ်နင်းရေး အဆောက်အအုံ၏ အုပ်ချုပ်မှုဆောင်တွင်လည်း ပြည်သူ့ကျန်းမာရေး အရေးပေါ် ကွပ်ကဲမှုစင်တာနှင့် အစည်းအဝေးခန်းမများ၊ GIS/GPS စနစ်ကို အခြေခံအသုံးပြုထားသည့် ရောဂါစောင့်ကြပ်ကြည့်ရှုသည့်စနစ်များ ပါရှိပါကြောင်း၊ ယခုဗဟိုဌာနကြီးတွင် မြန်မာနိုင်ငံ၏ ကျန်းမာရေးကဏ္ဍနှင့်ဆိုင်သည့် အောင်မြင်မှုမှတ်တမ်းများ၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ အသိအမှတ်ပြုထားသည့် ကူးစက်ရောဂါများ ကင်းစင်ပပျောက်မှု သမိုင်းမှတ်တိုင်များ၊ နိုင်ငံတကာမှ ချီးမြှင့်ခဲ့သည့် ပြည်သူ့ကျန်းမာရေး ဆိုင်ရာ ဂုဏ်ပြုမှတ်တမ်းများ၊ ဆုတံဆိပ်များ၊ ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါနှင့်ပတ်သက်၍ အောင်မြင်စွာ ထိန်းချုပ် ဆောင်ရွက်နိုင်ခဲ့သည့် အောင်မြင်မှုများ၊ သဘာဝဘေး အန္တရာယ်ကျရောက်ခဲ့သည့် ဒေသများတွင် ပြည်သူ့ကျန်းမာရေး

စာမျက်နှာ ၅ သို့ *

❖ ယနေ့ဖွင့်လှစ်သည့် မြန်မာနိုင်ငံ ရောဂါကာကွယ်ထိန်းချုပ်ရေးဗဟိုဌာနနှင့် သင်တန်းကျောင်းသည် ကပ်ရောဂါများကို ကာကွယ်ထိန်းချုပ်နိုင်သည့်၊ သဘာဝဘေးအန္တရာယ်များကို ထိရောက်စွာ ညှိနှိုင်းကွပ်ကဲ တုံ့ပြန်ဆောင်ရွက်နိုင်မည့်၊ သုတေသနလုပ်ငန်းများကိုလည်း လုပ်ဆောင်နိုင်မည့်၊ တစ်နေရာတည်းတွင် တစုတစည်းတည်းဖြင့် ဘက်စုံကဏ္ဍစုံမှ ဆောင်ရွက်ပေးနိုင်မည့် ဗဟိုဌာနကြီးဖြစ်သည့်အတွက် မိမိတို့နိုင်ငံအတွက် များစွာအကျိုးရှိ အသုံးဝင်မည်

❖ ယနေ့ ဖွင့်လှစ်လိုက်သည့် Myanmar CDC သည် ရောဂါထိန်းချုပ်ရေးဗဟိုဌာန အပြင် ပြည်သူ့ကျန်းမာရေးသင်တန်း အဆောက်အအုံပါ ပူးတွဲတည်ဆောက်ထားသည့်အတွက် အရည်အသွေးပြည့်မီသည့် ပြည်သူ့ကျန်းမာရေးဆိုင်ရာ သင်တန်းများ ပို့ချပေးနိုင်မည်ဖြစ်သည့်အတွက် အရည်အသွေးမြင့်မားသည့် မျိုးဆက်သစ်ကျန်းမာရေး လူ့စွမ်းအားအရင်းအမြစ်များကို မွေးထုတ်ပေးလာနိုင်မည်





မြန်မာနိုင်ငံ ရောဂါကာကွယ်ထိန်းချုပ်ရေးဗဟိုဌာနနှင့် သင်တန်းကျောင်းအတွင်း ပြင်ဆင်ထားရှိမှုများကို တွေ့ရစဉ်။

* စာမျက်နှာ ၄ မှ

စောင့်ရှောက်မှု မှတ်တမ်းများ၊ တိုးချဲ့ကာကွယ်ဆေးထိုးလုပ်ငန်း အောင်မြင်စွာ ဆောင်ရွက်နိုင်မှုများ၊ ကျန်းမာရေးနှင့်သက်ဆိုင်သည့် ဥပဒေဆိုင်ရာမှတ်တမ်းများ စသည့် သမိုင်းဝင်အထောက်အထားများကို ခင်းကျင်းပြသထားမည့် ပြခန်းတစ်ခုလည်း ဖွင့်လှစ်ထားရှိမည် ဖြစ်သည့်အတွက် ကျန်းမာရေးဝန်ထမ်းများ၊ ပြည်သူများ၊ ကျောင်းသားကျောင်းသူများအနေဖြင့် အရေးပါသည့် သမိုင်းအထောက်အထားများကို လေ့လာသိရှိနိုင်မည်ဖြစ်ကြောင်း။




### စုံလင်စွာပါရှိ

ကျန်းမာရေး သင်တန်းကျောင်းတွင်လည်း ပရိဘောဂပစ္စည်းအပြည့်အစုံနှင့် သင်တန်းသားသင်တန်းသူ ၂၀၀ တည်းခိုနေထိုင်နိုင်သည့် တည်းခိုဆောင်များ၊ သင်တန်းသား ၂၀၀ ဆံ့ သင်တန်းခန်းမတစ်ခု၊ သင်တန်းသား ၁၀၀ ဆံ့သင်တန်းခန်းမတစ်ခု၊ သင်တန်းသား ၅၀ ဆံ့ သင်တန်းခန်းမလေးခုတို့နှင့် စားသောက်ခန်းမများ စုံလင်စွာပါရှိသည်ဟု သိရှိရကြောင်း၊ ယခုကဲ့သို့ မြန်မာနိုင်ငံရောဂါကာကွယ် ထိန်းချုပ်ရေးဗဟိုဌာနနှင့် သင်တန်းကျောင်းကို တည်ထောင်ဖွင့်လှစ်နိုင်ခြင်းအားဖြင့် မိမိတို့နိုင်ငံအတွင်းတွင်ရောဂါထိန်းချုပ်ရေးနှင့် ပြည်သူ့ကျန်းမာရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ပိုမိုအားကောင်းလာမည်ဖြစ်ပြီး ကျန်းမာရေးဝန်ကြီးဌာန၏ ရည်မှန်းချက်များဖြစ်သည့် လူတိုင်းသက်တမ်းစေ့ အသက်ရှည်စွာ နေထိုင်နိုင်ရေးနှင့် လူတိုင်းရောဂါဘယ ကင်းရှင်းရေးတို့အတွက် ကြီးမားသည့် အထောက်အကူ ရရှိနိုင်မည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံ ရောဂါကာကွယ်ထိန်းချုပ်ရေး ဗဟိုဌာနနှင့် သင်တန်းကျောင်း ပေါ်ပေါက်လာရန်ထောက်ပံ့ကူညီပေးခဲ့သည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံအစိုးရနှင့်ပြည်သူများ၊ တည်ဆောက်ရေးစီမံကိန်းကို အဓိကတာဝန်ယူဆောင်ရွက်ခဲ့သည့် China Communications Construction Company–Third Harbor Engineering Co.,Ltd. မှ တာဝန်ရှိသူများနှင့် ပညာရှင်များ၊ ပညာရပ်ပိုင်းနှင့် နည်းပညာပိုင်းဆိုင်ရာ ပံ့ပိုးကူညီခဲ့သည့် ကျန်းစု CDC မှ ပညာရှင်များနှင့် အားသွန်ခွန်စိုက်ကြိုးပမ်း ဆောင်ရွက်ပေးခဲ့ကြသည့် ကျန်းမာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများအားလုံးကို နိုင်ငံတော်အစိုးရနှင့် ပြည်သူများအားလုံးကိုယ်စား လှိုက်လှဲစွာကျေးဇူးတင်ရှိပါကြောင်း ပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့ သမ္မတနိုင်ငံ သံအမတ်ကြီး Mr. Chen Hai က Myanmar CDC and Medical Training Center နှင့်ပတ်သက်၍ ရှင်းလင်းတင်ပြပြီး မြန်မာနိုင်ငံ ရောဂါ ကာကွယ်ထိန်းချုပ်ရေး ဗဟိုဌာနနှင့် သင်တန်းကျောင်း မှတ်တမ်းဗီဒီယိုကို ပြသသည်။

ထို့နောက် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့ သမ္မတနိုင်ငံ သံအမတ်ကြီးက မြန်မာနိုင်ငံရောဂါကာကွယ်ထိန်းချုပ်ရေးဗဟိုဌာနနှင့် သင်တန်းကျောင်း အဆောက်အအုံဆိုင်ရာ စာရွက်စာတမ်းများကို ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးထံ လွှဲပြောင်းပေးအပ်ရာ ပြည်ထောင်စုဝန်ကြီးက ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

### လက်ဆောင်များပေးအပ်

ဆက်လက်၍ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးတို့က နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အတွင်းရေးမှူး၊ မြန်မာနိုင်ငံဆိုင်ရာတရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီးနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ကိုယ်စားလှယ်အဖွဲ့ ခေါင်းဆောင်တို့ကို ဖွင့်ပွဲအထိမ်းအမှတ် လက်ဆောင်များပေးအပ်ကြသည်။

ကျန်းမာရေး ဝန်ကြီးဌာနအနေဖြင့် ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိရာ ၁၈၈၆ ခုနှစ်တွင် မြန်မာနိုင်ငံ၌ ကုသရေး၊ ကူးစက်ရောဂါများ ကာကွယ်နှိမ်နင်းရေး၊ ကာကွယ်ဆေးထိုးခြင်းနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေးလုပ်ငန်းများ ပါဝင်သော ကျန်းမာရေးဌာနကို စတင်တည်ထောင်ခဲ့ပြီး ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများကို တစ်ဆထက်တစ်ဆ တိုးမြှင့်ဆောင်ရွက်နိုင်မှုကြောင့် မြန်မာနိုင်ငံတွင် ၁၉၇၇ ခုနှစ်တွင် ကျောက်ကြီးရောဂါ (Smallpox) အမြစ်ပြတ် ပပျောက်ကြောင်း၊ ၂၀၀၃ ခုနှစ်တွင် အနာကြီးရောဂါကင်းစင်ပပျောက်ကြောင်း၊ ၂၀၁၀ ပြည့်နှစ်တွင် မိခင်နှင့် မွေးကင်းစကလေး မေးခိုင်ရောဂါ ကင်းစင်ပပျောက်ကြောင်း၊ ၂၀၁၄ ခုနှစ် မတ်လ ၁၄ ရက်တွင် ပိုလီယိုရောဂါကင်းစင်ကြောင်း၊ ၂၀၂၀ ပြည့်နှစ်တွင် မျက်ခမ်းစပ်ရောဂါသည် ပြည်သူ့ကျန်းမာရေး ပြဿနာအဖြစ်မှ ကင်းဝေးပြီဖြစ်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ အသိအမှတ်ပြုလွှာများ၊ တံဆိပ်များဖြင့် အသိအမှတ်ပြုခြင်းခံခဲ့ရသည့်အပြင် ကျန်းမာရေးစောင့်ရှောက်မှု ကဏ္ဍအသီးသီးတွင်လည်း နိုင်ငံတကာတွင် ဆောင်ရွက်နေမှုများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်နိုင်ခဲ့သည်။

### အောင်မြင်စွာ ထိန်းချုပ်ဆောင်ရွက်နိုင်ခဲ့

ထို့ပြင် ၂၀၂၀ ပြည့်နှစ်မှစ၍ ကမ္ဘာ့အသီးသီးတွင် ကူးစက်ဖြစ်ပွားခဲ့သော ကိုဗစ်–၁၉ ကမ္ဘာ့ကပ်ရောဂါနှင့်ပတ်သက်၍ မြန်မာနိုင်ငံအနေဖြင့် ကိုဗစ်–၁၉ ရောဂါကာကွယ်ထိန်းချုပ်၊ ကုသရေးဗဟိုကော်မတီ၏ လမ်းညွှန်မှု ကိုဗစ်–၁၉ ရောဂါထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ၏ ကြီးကြပ်မှုတို့ဖြင့် အောင်မြင်စွာ ထိန်းချုပ်ဆောင်ရွက်နိုင်ခဲ့သည်။ ၂၀၂၂ ခုနှစ်တွင် မြန်မာနိုင်ငံရောဂါကာကွယ် ထိန်းချုပ်ရေး ဗဟိုဌာနနှင့် သင်တန်းကျောင်း မြန်မာ CDC အဆောက်အအုံကို မြန်မာနိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့၏ ချစ်ကြည်ရေး သင်္ကေတအဖြစ် စတင်တည်ဆောက်ခဲ့ရာ ၂၀၂၄ ခုနှစ် မေလတွင် တည်ဆောက်ပြီးစီးပြီဖြစ်၍ ဇွန် ၁၃ ရက်တွင် အောင်မြင်စွာ ဖွင့်လှစ်နိုင်ခဲ့ပြီဖြစ်သည်။

မြန်မာနိုင်ငံ ရောဂါကာကွယ်ထိန်းချုပ်ရေးဗဟိုဌာနနှင့် သင်တန်းကျောင်းတွင် ကူးစက်လွယ်သောရောဂါများဖြစ်သည့်လေနှင့်အသက်ရှူလမ်းကြောင်းမှတစ်ဆင့် ကူးစက်တတ်သောရောဂါများ စစ်ဆေးနိုင်သည့် နိုင်ငံတကာအဆင့်မီ ဇီဝလုံခြုံမှုအဆင့်(၃) ဓာတ်ခွဲခန်း၊ အသင့်အတင့် ကူးစက်နိုင်ခြေရှိသည့် ဗိုင်းရပ်စ်နှင့် ဗက်တီးရီးယားများကို စစ်ဆေးနိုင်သောဇီဝလုံခြုံမှုအဆင့်(၂) ဓာတ်ခွဲခန်းများ၊ ဓာတ်ခွဲခန်းမှတစ်ဆင့် ကူးစက်နိုင်ခြေနည်းပါးသည့် အစားအသောက်များတွင် ကူးစက်ရောဂါပိုးပါဝင်မှု၊ မျိုးမပွားနိုင်သည့် ဗိုင်းရပ်စ်အပိုင်းများ၊ ကပ်ပါးပိုးများ စစ်ဆေးနိုင်သည့် ဇီဝလုံခြုံမှုအဆင့် (၁) ဓာတ်ခွဲခန်းများနှင့် လူကို အဆိပ်သင့်နိုင်သည့် ပတ်ဝန်းကျင်ရှိ ဓာတ်ပစ္စည်းများကို စစ်ဆေးနိုင်သည့် ဓာတ်ခွဲခန်း၊ ဓာတုအဆိပ်များကို စစ်ဆေးနိုင်သည့် ဓာတ်ခွဲခန်း၊ သွေး၊ သွေးရည်ကြည်နှင့် မော်လီကျူး စစ်ဆေးနိုင်သည့် ဓာတ်ခွဲခန်း၊ electron microscopy၊ gas နှင့် liquid များကို စစ်ဆေးနိုင်သည့် ဓာတ်ခွဲခန်းများ ပါရှိသည်။

မြန်မာနိုင်ငံ ရောဂါကာကွယ်ထိန်းချုပ်ရေးဗဟိုဌာနနှင့်သင်တန်းကျောင်းသည် မြန်မာနိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့၏ နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးစွာ ဆွေမျိုးပေါက်ဖော် ရင်းနှီးမှု၏ သမိုင်းမှတ်တမ်းအဖြစ် သာမက မြန်မာ CDC တွင် ကိုဗစ်–၁၉ ကမ္ဘာ့ကပ်ရောဂါကဲ့သို့ ပြည်သူ့ကျန်းမာရေး အရေးပေါ်အခြေအနေများ၊ အသစ်ဖြစ်ပေါ်လာသည့် ကူးစက်ရောဂါများ၊ အဓိကကျသည့် ကူးစက်ရောဂါများဖြစ်သော HIV/AIDS ရောဂါ၊ တီဘီရောဂါ၊ ငှက်ဖျားရောဂါစသည့် ကူးစက်ရောဂါများ ကာကွယ်ထိန်းချုပ်ရန်၊ မကူးစက်တတ်သောရောဂါများ ကာကွယ်ထိန်းချုပ်ရန်၊ သဘာဝဘေးနှင့် ပြည်သူ့ကျန်းမာရေး အရေးပေါ်အခြေအနေများအတွက် ကျန်းမာရေးကဏ္ဍ ကြိုတင်ပြင်ဆင်ခြင်းနှင့် တုံ့ပြန်ဆောင်ရွက်ခြင်း၊ အပြည်ပြည်ဆိုင်ရာ ကျန်းမာရေးကိစ္စရပ်များ ဆက်သွယ်ဆောင်ရွက်ခြင်း၊ တိုးချဲ့ကာကွယ်ဆေးထိုးခြင်းနှင့် သုတေသနပြုခြင်း လုပ်ငန်းများကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင် မန္တလေးမြို့တော်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအား ကွင်းဆင်းကြည့်ရှု

**မန္တလေး ဇွန် ၁၃**

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်သည် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိသူများ လိုက်ပါပြီး မန္တလေးမြို့တော်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအား ယနေ့နံနက်ပိုင်းက ကွင်းဆင်းကြည့်ရှုခဲ့သည်။





ထိုသို့ ကွင်းဆင်းကြည့်ရှုရာ၌ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် အောင်မြေသာစံမြို့နယ်တွင် ၁၀ လမ်း (၆၂ လမ်းမှ အရှေ့မြို့ပတ်လမ်း)ကြားအထိ မူလလမ်းသား အကျယ် ပေ ၂၀ ကို ဘေးချဲ့ ၁၄ ပေ အခြေခံ လွှာပြုပြင်ခြင်းနှင့် နိုင်လွန်ကတ္တရာလမ်းခင်းခြင်း ဆောင်ရွက်နေမှုများကိုလည်းကောင်း၊ မဟာအောင်မြေမြို့နယ်တွင် ၆၂ လမ်း (၃၅ လမ်းနှင့် သိပ္ပံလမ်း)ကြားဝဲ၊ ယာ ပလက်ဖောင်းနှင့် မနော်ရမ္မံရှေ့ လူလျှောက်လမ်းအကျယ်ပြုလုပ်နေမှုများကိုလည်းကောင်း၊ သိပ္ပံလမ်း၊ ၆၈ လမ်းနှင့် ၇၃ လမ်းကြား ရေစီးရေလာကောင်းမွန်ရေး မြောင်းဆယ်ဆောင်ရွက်နေမှု၊ မြောင်းနှင့် ခြံစည်းရိုးကြား အလှပန်းပင်များ စိုက်ပျိုးနေမှုများကိုလည်းကောင်း၊ မနော်ဟာရီလမ်း(၁၁၀)၊ ၆၂ လမ်းနှင့် ၇၃ လမ်း) နိုင်လွန်ကတ္တရာခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုများကိုလည်းကောင်း ကွင်းဆင်းကြည့်ရှုရာ စည်ပင်သာယာရေးဝန်ကြီး၊ မန္တလေးမြို့တော်ဝန် ဦးကျော်ဆန်းက မြို့တော်နယ်နိမိတ်အတွင်းရှိ ချောင်းကြီး၊ မြောင်းကြီးများ၊ ချောင်းသွယ်၊ မြောင်းသွယ်များ ရေစီးရေလာကောင်းမွန်ရေးနှင့် လမ်းဘေး ဝဲ၊ ယာ သန့်ရှင်းသာယာလှပရေးအတွက် လုပ်ငန်းများကို စီမံချက်များချမှတ်ပြီး လုပ်ငန်းကဏ္ဍအသီးသီးအလိုက် ဆောင်ရွက်နေမှုများကိုလိုက်ပါရှင်းလင်းပြသရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

ငင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဧရာဝတီမြစ် ကမ်းနားလမ်း ချမ်းအေးသာစံမြို့နယ်နှင့် အောင်မြေသာစံမြို့နယ်အတွင်း မန္တလေးဆိပ်ကမ်းသာယာလှပရေးနှင့် ဆက်စပ်လုပ်ငန်းများ ဆောင်ရွက်နေသည့်(၃၅ လမ်းနှင့် မရမ်းခြံဆိပ်)လုပ်ငန်းခွင်သို့လည်းကောင်း၊ အောင်မြေသာစံမြို့နယ်ရှိ ဈေးဆောင်ရွက်မည့်နေရာသို့လည်းကောင်း ရောက်ရှိပြီး လုပ်ငန်းဆောင်ရွက်နေမှုများနှင့် စပ်လျဉ်း၍ မြို့တော်ဝန်၏ ရှင်းလင်းတင်ပြမှုများအပေါ် တိုင်းဒေသကြီးဝန်ကြီးချုပ်က ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်)











သတင်း-စာမျက်နှာ ၆





သတင်း-စာမျက်နှာ ၆



## ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းအသိပညာပေးပွဲသို့ တိုင်းဒေသကြီး၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး တက်ရောက်ချီးမြှင့်

**မန္တလေး ဇွန် ၁၃**

မန္တလေးမြို့အတွင်း ပြေးဆွဲလျက်ရှိသော လူစီးသုံးဘီးယာဉ်မောင်းသူများ ယာဉ်စည်းကမ်းလမ်းစည်းကမ်း လိုက်နာရေးအတွက် မန္တလေးတိုင်းဒေသကြီး၊ ယာဉ်လုပ်ငန်းများကြီးကြပ်ရေးကော်မတီ(ယကက-မြို့တွင်း) နှင့် BAJAJ သုံးဘီးကုမ္ပဏီတို့ ပူးပေါင်း၍ အသိပညာပေးပွဲအခမ်းအနားကို ယနေ့၊ နံနက် ၁၀ နာရီက ယာဉ်လုပ်ငန်းများကြီးကြပ်ရေးကော်မတီရုံး၊ ခန်းမတွင် ကျင်းပခဲ့သည်။

အခမ်းအနားတွင် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးအောင်ဇော်ဦးက အမှာစကားပြောကြားပြီး၊ ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာန၊ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ ယာဉ်ထိန်းရဲတပ်ဖွဲ့နှင့် ယာဉ်လုပ်ငန်းများ ကြီးကြပ်မှုကော်မတီ (မြို့တွင်း)မှ တာဝန်ရှိသူတို့က ယာဉ်စည်းကမ်း လမ်းစည်းကမ်းဆိုင်ရာတို့ကို ပညာပေးဟောပြောခဲ့ကြသည်။

တိုင်းဒေသကြီး၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီးက အမှာစကားပြောကြားရာတွင် "ယာဉ်မောင်း၊ ယာဉ်နောက်လိုက်စသဖြင့် အားလုံးက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာကြရမှာ ဖြစ်တယ်။စည်းကမ်းလိုက်နာခြင်းဖြင့် ယာဉ်ထိခိုက်မှုအန္တရာယ်ကင်းရှင်းမှာဖြစ်တဲ့အတွက် သုံးဘီးယာဉ်မောင်းများအနေနဲ့ ယာဉ်စည်းကမ်းလမ်းစည်းကမ်းကို လေးစားလိုက်နာကြဖို့ လိုပါတယ်"ဟု ပြောကြားသည်။

မန္တလေးတွင် သုံးဘီးယာဉ်များပြားလာသည်နှင့်အမျှ ယာဉ်စည်းကမ်းလမ်းစည်းကမ်းလိုက်နာရေးအတွက် အသိပညာပေးဟောပြောပွဲများ ပြုလုပ်ခြင်းဖြင့် သိရှိလိုက်နာခြင်းဖြင့် ယာဉ်ထိခိုက်မှုအန္တရာယ်မှ ကင်းဝေးစေမှာဖြစ်ကြောင်း၊ ထို့အပြင် သုံးဘီးယာဉ်အသုံးပြုသူများသည် ယာဉ်မောင်းလိုင်စင်ရှိရန်၊ လုပ်ငန်းလိုင်စင်ရှိရန်လိုကြောင်း သိရသည်။

"သုံးဘီး မောင်းတွေ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းတွေကို ပိုမိုသိရှိလိုက်နာပြီး စည်းကမ်းရှိစွာ မောင်းနှင်ခြင်းဖြင့် ထိခိုက်မှုအန္တရာယ်ကင်းစေမယ်။ သူတို့ရဲ့ မိသားစုဘဝရှေ့ရေးလည်းပြည့်စုံကောင်းမွန်ပြီး ရေရှည်ရပ်တည်နိုင်မှာဖြစ်တဲ့အတွက် ခုလို ကျင်းပခြင်းဖြစ်ပါတယ်။ သုံးဘီးယာဉ်ဂိတ်တွေက ခေါင်းဆောင်တွေကတစ်ဆင့် ယာဉ်စည်းကမ်းလမ်းစည်းကမ်းတွေကို ပြန်လည်ပညာပေး ဖြန့်ဝေနိုင်ဖို့လည်း ရည်ရွယ်ပါတယ်"ဟု BAJAJ သုံးဘီးကုမ္ပဏီမှ Digital Manager ဦးအာကာမင်းက ပြောသည်။

ယာဉ်စည်းကမ်းလမ်းစည်းကမ်းလိုက်နာမှုသာ မိမိနှင့်အတူ အများပြည်သူ ယာဉ်အန္တရာယ်ကင်းမှာဖြစ်၍ BAJAJ သုံးဘီးကုမ္ပဏီက သက်ဆိုင်ရာ အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ အသိပညာပေးဟောပြောပွဲများကို သုံးဘီးယာဉ်အသုံးပြုမှု များပြားသည့် မြို့ကြီးများတွင် ပြုလုပ်လျက်ရှိပြီး ယနေ့ကျင်းပသည့် အခမ်းအနားတွင် သုံးဘီးယာဉ်ပိုင်ရှင်၊ ယာဉ်မောင်း စုစုပေါင်း ၁၀၀ ကျော်တက် ရောက်ခဲ့ကြကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်-၉)**
**(အောက်ပုံ)**





## ပို့ကုန်ပဲများ ဈေးကောင်း မြေပဲဆန်အဝယ်သွက်

**မန္တလေး ဇွန် ၁၃**

ပို့ကုန်မတ်ပဲနှင့် ပဲစင်းငုံဈေးဆက်လက်ဈေးကောင်းနေသလို မြေပဲဆန်ဈေးမှာလည်း ဈေးကောင်းအဝယ်သွက်နေကြောင်း ပဲကုန်သည်များထံက သိရသည်။

ပို့ကုန်ပဲများမှာ ဇွန်လဆန်းပိုင်းကတည်းက ယခုချိန်ထိ ဈေးဆက်လက်ကောင်းနေပြီး ပြည်တွင်းပဲဆီဝယ်လိုအားကောင်းလာတာကြောင့်လည်း မြေပဲဆန်ဈေးမှာ အနည်းငယ်ဈေးကောင်းအဝယ်သွက်နေခြင်းဖြစ်သည်။

ပို့ကုန်မတ်ပဲနှင့် ပဲစင်းငုံမှာ ယခုသီတင်းပတ်တွင် ဆက်လက်ဈေးကောင်းနေပြီး ပြည်တွင်းဆီစက်ပိုင်များ အပြိုင်အဆိုင်ဝယ်ယူမှုကြောင့်မြေပဲဆီ ဆန်နှင့်မြေပဲလုံးဆန်မှာ ဈေးကောင်းအဝယ်သွက်နေကြောင်း၊ ပြည်တွင်း ကုလားပဲအုပ်စုမှာ ဈေးမြင့်တက်နေရာမှ အနည်းငယ်ဈေးကျဆင်းသလို ငွေပေးချေမှုပုံစံအလိုက် ဈေးအပြောင်းအလဲရှိနေကြောင်း ပြည်တွင်းသုံးပဲမာလိုင်းများလည်း ဈေးအေးနေကြောင်းမန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း ဒုတိယဥက္ကဋ္ဌ ဦးကျော်သွင် (ရွှေစင်သိန်းပွဲရုံ)က ပြောသည်။

"ပြည်တွင်းသုံးကုလားပဲတွေဈေးမြင့်တက်နေတာကနေ အနည်းငယ်ဈေးပြန်ကျဆင်းသွားပါတယ်။ ကုလားပဲအမျိုးအစားအလိုက် တစ်အိတ်ကို ငွေကျပ် ၂၀၀၀-၅၀၀၀ကြားဈေးကျဆင်းသွားတာပါ။ပို့ကုန် မတ်ပဲနဲ့ ပဲစင်းငုံကတော့ ဈေးဆက်လက်ကောင်းနေပါတယ်။ တရုတ်လိုင်းအဝယ်ရှိနေတဲ့ ပဲတီစိမ်းကတော့ တင်ပို့ရာ လမ်းကြောင်းမကောင်းလို့ ဈေးကျဆင်းနေပါတယ်။ မြေပဲဆီ ဆန်ရော မြေပဲအနီလုံးဆန်ရော ဈေးမြင့်တက်အဝယ်သွက်နေပါတယ်။ ပြည်တွင်း ပဲဆီဝယ်လို အားကောင်းလာသလို မြေပဲဆန်လည်းဈေးကောင်းလာခြင်းဖြစ်ပါတယ်"ဟု ၎င်းကပြောသည်။

ဇွန် ၁၃ရက်တွင် ပို့ကုန်ပဲများ ဆက်လက်ဈေးမြင့်တက်နေရာ ပို့ကုန်မတ်ပဲတစ်အိတ်လျှင် ငွေကျပ် ၃၂၅၀၀၀၊ ပဲစင်းငုံတစ်အိတ်လျှင်ငွေကျပ် ၄၄၂၀၀၀ ပေါက်ဈေး ဖြစ်လာသည်။ ပဲတီစိမ်းရွှေဝါ တစ်အိတ်လျှင် ငွေကျပ် ၂၁၄၀၀၀၊ အညာ တစ်အိတ်လျှင် ငွေကျပ် ၁၉၇၀၀၀ ပေါက်ဈေးဖြစ်လာသည်။

ပြည်တွင်းသုံး ကုလားပဲအုပ်စုမှာ ဆက်လက်ဈေးပြန် မြင့်တက်လာရာ ဇွန် ၁၃ ရက် တွင် ကုလားပဲ V2 တစ်အိတ်လျှင် ငွေကျပ် ၂၅၆၀၀၀၊ ကုလားပဲ V7 တစ်အိတ်လျှင် ငွေကျပ် ၂၆၇၀၀၀၊ ထိုင်ဝမ်ကုလားပဲ တစ်အိတ်လျှင် ငွေကျပ် ၂၃၉၀၀၀၊ ၉၂၉ ကုလားပဲတစ်အိတ်လျှင် ငွေကျပ် ၂၄၅၀၀၀ အသီးသီး ဈေးမြင့်တက်လာသည်။

ပို့ကုန်ပဲများနှင့် မြေပဲဆန်များသာ အရောင်းအဝယ်ကောင်းနေပြီး ပြည်တွင်းသုံးပဲမာလိုင်းများမှာ ပုံမှန်အရောင်းအဝယ် ပုံမှန်သာရှိနေရာ ပဲကြီးတစ်အိတ်လျှင် ငွေကျပ် ၂၈၀၀၀၀၊ ပဲထောပတ်တစ်အိတ် လျှင် ငွေကျပ် ၄၁၅၀၀၀၊ မြေထောက်ပဲ တစ်အိတ်လျှင် ငွေကျပ် ၃၄၅၀၀၀၊ ကျွန်းစားတော်ပဲ တစ်အိတ်လျှင် ငွေကျပ် ၂၈၅၀၀၀၊ ပေါက်ဈေးရှိနေပြီး မြေပဲအနီ လုံးဆန် တစ်ပိဿာလျှင် ငွေကျပ် ၇၅၀၀ ပေါက်ဈေး ရှိနေသည်။

ဇွန် ၁၃ ရက်တွင် နှမ်းမျိုးစုံ အနည်းငယ်ဆက်လက် မြင့်တက်လာရာ နှမ်းဖြူ(ဂျပန်) ၄၅ ပိဿာ တစ်အိတ်လျှင် ငွေကျပ် ၄၅၀၀၀၀၊ နှမ်းညိုတစ်အိတ်လျှင် ငွေကျပ် ၃၅၀၀၀၀၊ နှမ်းနက် စမုန် တစ်အိတ်လျှင် ငွေကျပ် ၄၄၀၀၀၀ အသီးသီး ပေါက်ဈေးရှိနေကြောင်း သိရသည်။

**(ရွှေမန်း)**



# INTERNATIONAL NEWS
## နိုင်ငံတကာသတင်းများ

## ဟားမတ်စ်တို့ဘက်က ပြောင်းလဲပြင်ဆင်ပြီးလျှင် အပစ်ရပ်အစီအစဉ် အလုပ်ဖြစ်နိုင်သည်ဟု အန်တိုနီဘလင်ကင် ဆို



**ဂျေရုဆလင် ဇွန် ၁၃**

ဟားမတ်စ်တို့ဘက်က ၎င်းတို့၏ ခေါင်းဆောင်များအလိုကျ ပြောင်းလဲပြင်ဆင်ပြီးလျှင် ဂါဇာကမ်းမြောင်ဒေသ အပစ်အခတ်ရပ်စဲရေးအစီအစဉ် အလုပ်ဖြစ်နိုင်သည်ဟု အမေရိကန်နိုင်ငံခြားရေးဝန်ကြီး အန်တိုနီဘလင်ကင်က ဇွန် ၁၂ ရက်တွင် ထုတ်ဖော်ပြောကြားကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

ကာတာနိုင်ငံဒိုဟာမြို့တော်၌ ပြုလုပ်သောသတင်းစာရှင်းလင်းပွဲတွင် ၎င်းက ထိုသို့ပြောကြားလိုက်ခြင်းဖြစ်သည်။

မိမိ ထိုသို့ယူဆသကဲ့သို့ ကြားဝင်စေ့စပ်ပေးနေသော ကာတာနှင့် အီဂျစ်နှစ်နိုင်ငံမှ စေ့စပ်ညှိနှိုင်းရေးမှူးများဘက်မှလည်း တစ်သဘောတည်းဖြစ်မည်ဟု ဘလင်ကင်က ဆက်လက်ပြောကြားသည်။

၎င်းအနေဖြင့် ဇွန် ၁၀ ရက်က ဂျေရုဆလင်မြို့တော်၌ အစ္စရေးဝန်ကြီးချုပ် ဘင်ဂျမင်နက်တန်ယာဟုနှင့် တွေ့ဆုံခဲ့သည်။

ဇွန် ၁၁ ရက်က ဟားမတ်စ်ကိုယ်စားလှယ်များနှင့် သီးခြားတွေ့ဆုံရာတွင်မူ အစ္စရေးနှင့်ယာယီမဟုတ်ဘဲ အပြီးအပိုင် အပစ်အခတ်ရပ်စဲလိုသဖြင့် ဂါဇာကမ်းမြောင်ဒေသမှ အစ္စရေးတပ်ဖွဲ့အားလုံး ရုပ်သိမ်းပေးစေလိုသည်ဟု ၎င်းတို့ကတောင်းဆိုခဲ့ကြောင်း သိရသည်။

**Mon**



## လာရောက်လည်ပတ်သည့် ရုရှားစစ်သင်္ဘောများ ကျူးဘားနိုင်ငံ ဟာဗားနားဆိပ်ကမ်းသို့ ရောက်ရှိ

**ဟာဗားနား ဇွန် ၁၃**

နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရေး အစီအစဉ်အရ လာရောက်လည်ပတ်သည့် ရုရှားစစ်သင်္ဘောများ ဇွန် ၁၂ ရက်က ကျူးဘားနိုင်ငံ ဟာဗားနားဆိပ်ကမ်းသို့ ဆိုက်ကပ်ရောက်ရှိခဲ့ကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

ရေတပ်ဗိုလ်ချုပ်ကြီး ဂေါ်ရှ်ကော့ဗ် အမည်ပေးထားသည့် ဖရီးဂိတ်သင်္ဘောကြီးနှင့် နျူကလီးယားစွမ်းအင်သုံး ကာဇန် ရေငုပ်သင်္ဘောနှစ်စင်းသည် စစ်ရေယာဉ်ငယ်များခြံရံလျက် ဟာဗားနားဆိပ်ကမ်းသို့မဆိုက်ကပ်မီ အမြောက် ၂၁ ချက်ဖောက်ကာ ကျူးဘားနိုင်ငံကို အလေးပြုခဲ့သည်။

ရုရှားနှင့် ကျူးဘားနှစ်နိုင်ငံသည် မဟာမိတ်များဖြစ်သည့် အလျောက် ယခင်ကလည်း ရုရှားစစ်သင်္ဘောများ အလားတူလာရောက်လည်ပတ်ခဲ့ဖူးသည်။

ယခုရောက်လာသော ရုရှားစစ်သင်္ဘောများပေါ်၌ နျူကလီးယားလက်နက်မပါရှိကြောင်း ကျူးဘားနိုင်ငံခြားရေးဝန်ကြီးဌာနက ကြိုတင်ထုတ်ပြန်ကြေညာထားပြီးဖြစ်ကြောင်း သိရသည်။ **Mon**

**ဇွန် ၁၂ ရက်က အိန္ဒိယနိုင်ငံသား ၄၀ ဦးထက်မနည်း သေဆုံးစေခဲ့သော မီးလောင်မှုဖြစ်ပွားခဲ့သည့် ကူဝိတ်နိုင်ငံ မန်ဂက်မြို့တစ်နေရာရှိ လူနေတိုက်တန်းကို တွေ့ရစဉ်။**

**Mon**



## အိန္ဒိယနိုင်ငံ မွမ်ဘိုင်းမြို့ပတ်ဝန်းကျင်ကျေးရွာများ၌ သောက်သုံးရေရှားပါးပြတ်လပ်မှု ကြုံတွေ့နေရ

**ဒေလီ ဇွန် ၁၃**

အိန္ဒိယနိုင်ငံ၏ စီးပွားရေးမြို့တော်ဟုခေါ်တွင်သော မွမ်ဘိုင်းမြို့ပတ်ဝန်းကျင်ကျေးရွာများ၌ သောက်သုံးရေရှားပါးပြတ်လပ်မှု ကြုံတွေ့နေရကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

လူဦးရေ သန်းတစ်ထောင့်လေးရာရှိကာ ကမ္ဘာ့လူဦးရေအများဆုံးစာရင်းဝင်ဖြစ်လာသော အိန္ဒိယနိုင်ငံတွင် အဆိုပါကျေးရွာများတွင်သာမက အခြားနေရာအနှံ့အပြား၌ ယခုလက်ရှိရေရှားပါးပြတ်လပ်မှု ကြုံတွေ့နေရသည်။

လူဦးရေတိုးပွားကာ ရေလိုအပ်ချက်ပိုမိုမြင့်တက်လာသည့် ယခုနှစ်တွင် ကမ္ဘာ့ရာသီဥတုအပြောင်းအလဲကြောင့် မိုးရွာသွန်းမှု မှားယွင်းလွဲချော်ခြင်း၊ အပူလွန်ကဲခြင်းဖြစ်ပွားရာမှ မြေအောက်ရေအရင်းအမြစ် ရှားပါးနေခြင်းဖြစ်သည်။

အထူးသဖြင့် မွမ်ဘိုင်းမြို့ပတ်ဝန်းကျင်ကျေးရွာများ၌ သောက်သုံးရေရရှိရန်အတွက် ရေတွင်းများအပေါ်တွင်သာမှီခိုနေရပြီး မြေအောက်ရေနည်းပါးလာမှုကြောင့် ရေပြဿနာကြုံတွေ့နေရခြင်းဖြစ်ကြောင်း ကျွမ်းကျင်သူများက ထောက်ပြသည်။

**Mon**






## ထိုင်းဝန်ကြီးချုပ်အပေါ် စွဲဆိုထားသောအမှု လာမည့်အပတ်အတွင်း စစ်ဆေးကြားနာမည်

**ဘန်ကောက် ဇွန် ၁၃**

ထိုင်းဝန်ကြီးချုပ် ဆရက်သာ သာဗီဆန်အပေါ် စွဲဆိုထားသော အမှုကို လာမည့်အပတ်အတွင်း စစ်ဆေးကြားနာမည်ဖြစ်ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

အစိုးရဝန်ကြီးအဖွဲ့ ဖွဲ့စည်းရာတွင် ၎င်းဘက်မှ ထိုင်းဖွဲ့စည်းပုံအခြေခံဥပဒေကို ဖောက်ဖျက်ခဲ့သည်ဟု စစ်တပ်ကိုယ်စားပြုလွှတ်တော်အမတ်များက တိုင်တန်းခဲ့သော အချက်အပေါ်အခြေခံ၍ အမှုဖွင့်ထားခြင်းဖြစ်သည်။

ထိုအမှုကို ထိုင်းဖွဲ့စည်းပုံအခြေခံဥပဒေခုံရုံးက ဇွန် ၁၈ ရက်တွင် စစ်ဆေးကြားနာမည်ဖြစ်ကြောင်း သိရသည်။ **Mon**




## တောင်ကိုရီးယားမှ ဆမ်ယန်းအသင့်စားခေါက်ဆွဲ စပ်လွန်းသဖြင့် ဒိန်းမတ်နိုင်ငံ၏ ငြင်းပယ်ခြင်းခံရ

**ဆိုးလ် ဇွန် ၁၃**

တောင်ကိုရီးယားမှ ဆမ်ယန်းအသင့်စားခေါက်ဆွဲ စပ်လွန်းသဖြင့် ဒိန်းမတ်နိုင်ငံ၏ ငြင်းပယ်ခြင်းခံခဲ့ရကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

ဒိန်းမတ်နိုင်ငံမှ အစားအသောက်ကွပ်ကဲရေးအဖွဲ့က စစ်ဆေးကြည့်သောအခါ ထိုခေါက်ဆွဲ၌ထည့်ထားသည့် အစပ်ပမာဏသည် ဘေးဥပါဒ်ဖြစ်စေနိုင်ကြောင်း တွေ့ရှိခဲ့သည်။

ထိုသို့တွေ့ရှိပြီးနောက် ဝယ်ယူထားပါက မစားသုံးဘဲဆိုင်သို့ ပြန်ပေးရန် ဒိန်းမတ် အစားအသောက်ကွပ်ကဲရေးအဖွဲ့က ညွှန်ကြားချက်ထုတ်ခဲ့ကြောင်း သိရသည်။ **Mon**

## ဂါဇာကမ်းမြောင်ဒေသရှိ ပါလက်စတိုင်းအရပ်သားများ ငတ်မွတ်ခေါင်းပါးမှု ကြုံတွေ့ရလုနီးပါးဖြစ်နေ

**ဂျီနီဗာ ဇွန် ၁၃**

ဂါဇာကမ်းမြောင်ဒေသရှိ ပါလက်စတိုင်းအရပ်သားများ ငတ်မွတ်ခေါင်းပါးမှု ကြုံတွေ့ရလုနီးပါးဖြစ်နေသည်ဟု ကုလသမဂ္ဂလက်အောက်ခံ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ညွှန်ကြားရေးမှူးချုပ် တေဒရော့စ်အဒါနမ်ဂေဘရေယေဆပ်က ဇွန် ၁၂ ရက်တွင် ထုတ်ဖော်ပြောကြားကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

ကုလသမဂ္ဂ၏ လူသားချင်းစာနာထောက်ပံ့ရေးအစီအစဉ်အရ ဂါဇာကမ်းမြောင်ဒေသသို့ စားနပ်ရိက္ခာပေးပို့ထောက်ပံ့နေသည်ဆိုသော်လည်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ တာဝန်ရှိသူများ၏ စစ်ဆေးတွေ့ရှိချက်အရ အသက် ၅ နှစ်အောက်ပါလက်စတိုင်း ကလေးသူငယ် ၈၀၀၀ ကျော် အာဟာရပြတ်လပ်နေကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။




အဆိုပါ ကလေးသူငယ်များ အာဟာရပြည့်ဝအောင်စားသုံးနိုင်စေရန်နှင့် ၎င်းတို့အတွက် သန့်ရှင်းသော သောက်သုံးရေထောက်ပံ့ပေးနိုင်ရန် မိမိတို့ဘက်မှ လုပ်ဆောင်ပေးနိုင်ဦးမည်မဟုတ်ဟု ၎င်းက ထည့်သွင်းပြောကြားကြောင်း သိရသည်။

**Mon**

## ဘေးအန္တရာယ်ကင်းရှင်းပြီး လုံခြုံစိတ်ချရသည့် ကုန်ပစ္စည်းများဝယ်ယူသုံးစွဲနိုင်ရေး လုပ်ငန်းရှင်များအား အသိပညာပေးဟောပြော

**ပခုက္ကူ ဇွန် ၁၃**

မကွေးတိုင်းဒေသကြီး၊ ပခုက္ကူမြို့နယ်အတွင်းရှိ စားသုံးသူပြည်သူများ ဘေးအန္တရာယ်ကင်းရှင်းပြီး လုံခြုံစိတ်ချရသည့် စားသောက်ကုန်နှင့်လူသုံးကုန်ပစ္စည်းများ ဝယ်ယူသုံးစွဲနိုင်ရေး ရည်ရွယ်၍ ဇွန် ၉ ရက် နံနက် ၉ နာရီက ခရိုင်စားသုံးသူရေးရာဦးစီးဌာန ရုံးအစည်းအဝေးခန်းမ၌ စားသုံးသူရေးရာဆိုင်ရာအသိပညာပေးဟောပြောပွဲကျင်းပသည်။

အသိပညာပေးဟောပြောပွဲတွင် ပခုက္ကူခရိုင်စားသုံးသူရေးရာဦးစီးဌာနမှ ဒုတိယခရိုင်ဦးစီးမှူး ဦးဇော်ထွန်းဦးက လုပ်ငန်းရှင်များအနေဖြင့် စားသောက်ကုန်နှင့် လူသုံးကုန်ပစ္စည်းထုတ်လုပ်ဖြန့်ချိရောင်းချရာတွင် စားသုံးသူရေးရာဦးစီးဌာနမှ ထုတ်ပြန်ထားသော ဥပဒေ၊ နည်းဥပဒေ၊ ညွှန်ကြားချက်များနှင့်အညီဖြစ်ရေး၊ ထုတ်လုပ်ဖြန့်ချိထားသော ကုန်စည်နှင့် ဝန်ဆောင်မှုအပေါ် အာမခံချက်ပေးနိုင်ရေး၊ စားသုံးသူပြည်သူများအနေဖြင့် ကုန်စည်၊ ဝန်ဆောင်မှုနှင့်စပ်လျဉ်း၍ အာမခံချက်ပေးထားမှုအပေါ် တောင်းဆိုနိုင်သည့် အခွင့်အရေးများအပြည့်အဝရရှိနိုင်ရေး၊ ကုန်အညွှန်းအမှတ်အသားများ ပြည့်စုံမှန်ကန်ပြီး ရှင်းလင်းတိကျစွာဖော်ပြပေးရေး၊ စားသုံးသူပြည်သူများအတွက် ဘေးအန္တရာယ်ကင်းရှင်းပြီး လုံခြုံစိတ်ချရသော စားသောက်ကုန်ပစ္စည်းများဖြစ်ရေး၊ စားသုံးသူ ပြည်သူများ၏နစ်နာမှုများအတွက် ကုစားခွင့်ပေးနိုင်ရေးစသည့် အကြောင်းအရာများကို အသိပညာပေးရှင်းလင်းဟောပြောခဲ့ကြောင်း သိရသည်။



ယင်းနောက် ပခုက္ကူမြို့နယ်အတွင်းမှ လုပ်ငန်းရှင်များက မိမိတို့လုပ်ငန်းအလိုက် ထုတ်လုပ်ဖြန့်ချိထားသည့် စားသောက်ကုန်နှင့်လူသုံးကုန်ပစ္စည်းများ၊ ကုန်စည်ဝန်ဆောင်မှုနှင့်စပ်လျဉ်း၍ အာမခံချက်ပေးထားမှုအခြေအနေများအကြောင်းတို့ကို အသီးသီး ရှင်းလင်းဆွေးနွေးကြကြောင်း သိရသည်။ (ဝဲပုံ)(၃၄၀)



## ပြင်ဦးလွင်မြို့နယ် အလက(၁)ကျောင်းဝင်းအတွင်း သစ်ပင်လဲကျ၍ ဘီးစတင်းအဆောင်ပိ

**ပြင်ဦးလွင် ဇွန် ၁၃**

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နယ်၊ ရပ်ကွက်ကြီး (၃)အတွင်းရှိ အလက(၁) ကျောင်းဝင်းအတွင်း ဇွန် ၁၂ ရက် မွန်းလွဲ ၁၂ နာရီခွဲက သစ်ပင်လဲကျ၍ စက်ဘီး၊ ဆိုင်ကယ်စတင်းအဆောင်ပိမိနေကြောင်း သတင်းရရှိသဖြင့် ပြင်ဦးလွင်မြို့နယ် မီးသတ်ဦးစီးမှူးဦးဆောင်၍ ရှာဖွေကယ်ဆယ်ရေးသန္နှမီးသတ်တပ်ဖွဲ့ဝင်များ သွားရောက်ရှင်းလင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့သည်။သစ်ပင်လဲကျမှုကြောင့် လူထိခိုက်မှုမရှိကြောင်း သိရသည်။

(အပေါ်ပုံ)(၀၄၅)

# အမြို့မြို့ အနယ်နယ်မှ မှုခင်းသတင်းများ

## ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကျိုင်းတုံမြို့နယ်တွင် အိုက်စ်(မက်သ်အဖက်တမင်း) ၅၀၀ ကီလိုနှင့် ကက်တမင်း ၂၀၀ ကီလို ဖမ်းဆီးရမိ

**နေပြည်တော် ဇွန် ၁၃**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့နှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇွန် ၈ ရက် မွန်းလွဲ ၂ နာရီက ရှမ်းပြည်နယ် (အရှေ့ပိုင်း)၊ ကျိုင်းတုံမြို့နယ်၊ ကျိုင်းတုံ-တာချီလိတ်သွားကားလမ်းနှင့် မြို့ရှောင်လမ်းဆုံတွင် ကျိုင်းတုံဘက်မှ တာချီလိတ်ဘက်သို့ မောင်းနှင်လာသည့် TOYOTA HILUXမော်တော်ယာဉ်အား စစ်ဆေးရန် ရပ်တန့်ခိုင်းရာ မောင်းနှင်ထွက်ပြေးသဖြင့် လိုက်လံဖမ်းဆီးစဉ် အဆိုပါယာဉ်မှာ ဂျိုးဖြူကျေးရွာလမ်းဆုံအနီးရှိ လမ်းဘေးရေမြောင်းအတွင်းသို့ တိမ်းမှောက်သွားခဲ့ရာ ယာဉ်ပေါ်ပါ မျိုးကို(ခ)မျိုးကြီးဆိုသူအား ဖမ်းဆီးရမိခဲ့ပြီး ယာဉ်မောင်းရဲကြီးဆိုသူမှာ ထွက်ပြေးတိမ်းရှောင်သွားခဲ့သဖြင့် အဆိုပါယာဉ်အားရှာဖွေရာ ယာဉ်ပေါ်မှ စိတ်ပြောင်းဆေးဝါးများဖြစ်သည့် အိုက်စ်(မက်သ်အဖက်တမင်း)၅၀၀ကီလို၊ ကက်တမင်း ၂၀၀ကီလို သိမ်းဆည်းရမိခဲ့ကြောင်း၊ စစ်ဆေးဖော်ထုတ်ချက်အရ သိမ်းဆည်းရမိပြီး စိတ်ပြောင်းဆေးဝါးများ သယ်ဆောင်ရာတွင် ပူးပေါင်းပါဝင်သူ ယာဉ်ပိုင်ရှင် ထက်ကြည်စိုးဆိုသူအား ဇွန် ၉ ရက် နံနက် ၁ နာရီက ကျိုင်းတုံမြို့၊ ရပ်ကွက်(၃)ရှိ ၎င်း၏နေအိမ်တွင် ဖမ်းဆီးရမိခဲ့ပြီး စစ်ဆေးချက်အရသိမ်းဆည်းရမိစိတ်ပြောင်းဆေးဝါးများအား ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ကွန်ဟိန်းမြို့နယ်မှ ကျိုင်းတုံသို့ သယ်ဆောင်ခဲ့သည့် NISSAN DIESEL ၁၀ဘီး မော်တော်ယာဉ်အား ကျိုင်းတုံမြို့နယ်၊ ယန်းလောကျေးရွာကားကြီးကွင်းရှေ့တွင် ဆက်လက်သိမ်းဆည်းရမိခဲ့ကြောင်း၊ သိမ်းဆည်းရမိ စိတ်ပြောင်းဆေးဝါးများအား ကွန်ဟိန်းမြို့နယ်မှ တာချီလိတ်မြို့နယ်သို့ သယ်ဆောင်ခြင်းဖြစ်ကြောင်း သိရှိရသဖြင့် ၎င်းတို့အား ဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများအား ဆက်လက်စစ်ဆေး ဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

(အပေါ်ယာပုံ)

(မန္တလေးနေ့စဉ်သတင်းအဖွဲ့)




အားကစားမြှင့်တင်
စိတ်လန်းရွှင်
ဆန့်ကျင်မူးယစ်ဆေး။


## ကွန်ပျူတာ၊ မိတ္တူဆိုင်တွင် မီးစက်အပူလွန်ကဲပြီး မီးလောင်မှုဖြစ်ပွား

**မန္တလေး ဇွန် ၁၃**

မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ ပတ်ကုန်းပျော်ဘွယ်ရပ်ကွက်၊ လမ်း ၃၀နှင့် ၆၈လမ်းထောင့်၊ ဒေါနနတ်တောင်တိုက်တန်းရှိ ကွန်ပျူတာ၊ မိတ္တူဆိုင်တွင် 25HP တစ်လုံးထိုးဒီဇယ်မီးစက် အပူလွန်ကဲပြီး မီးလောင်ကျွမ်းမှု ဇွန် ၉ရက် ည ၁၁နာရီက ဖြစ်ပွားခဲ့သည်။

မီးလောင်ရာသို့ ခရိုင်မီးသတ်ဦးစီးမှူး ဦးကျော်ကိုကို ဦးဆောင်၍ သန္နှမီးသတ်တပ်ဖွဲ့ဝင် ၁၅ဦး၊ အရန်မီးသတ်တပ်ဖွဲ့ဝင် ၃၀ဦးတို့သည် မီးငြိမ်းသတ်ယာဉ် ၈စီးဖြင့်ရေ ဂါလန်(၂၀၀၀)ခန့် အသုံးပြု၍ မီးငြိမ်းသတ်ခဲ့ကြသည်။

မီးလောင်မှုကြောင့် မီးစက်ရှိဒီဇယ်၊ ဝါယာကြိုးအနည်းငယ် မီးလောင်ဆုံးရှုံးခဲ့သဖြင့် ကွန်ပျူတာ၊ မိတ္တူလုပ်ငန်းဆိုင်ပိုင်ရှင်အား အမှတ် (၃) နယ်မြေရဲစခန်းတွင် အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

(ယာပုံ)

(၀၅၇)

## နောက်တွဲပါယာဉ်က စက်ဘီးစီးနင်းလာသူအား ချိတ်မိပြီး တိုက်မိကာ သေဆုံးမှုဖြစ်ပွား

**ဟိုပင် ဇွန် ၁၃**

ကချင်ပြည်နယ်၊ မိုးညှင်းမြို့နယ် ဟိုပင်မြို့တွင် နောက်တွဲပါယာဉ်က စက်ဘီးစီးနင်းလာသူအား ချိတ်မိပြီး စက်ဘီးစီးနင်းသူအား တိုက်မိကာ သေဆုံးမှုဖြစ်ပေါ်ခဲ့ကြောင်း ဟိုပင်နယ်မြေရဲတပ်ဖွဲ့စခန်းမှ သိရသည်။

ဖြစ်စဉ်မှာ ဇွန် ၁၀ရက် နံနက် ၇ နာရီ ၄၅ မိနစ်က မန္တလေး-မြစ်ကြီးနားသွား ပြည်ထောင်စုလမ်းမကြီးပေါ်တွင် ယာဉ်တိုက်မှုဖြစ်ပွားကြောင်း သတင်းအရ ဟိုပင်နယ်မြေရဲတပ်ဖွဲ့စခန်းမှ ဒုရဲအုပ် ကျော်မျိုးနိုင်ဦးဆောင်သည့် တပ်ဖွဲ့ဝင်များက သွားရောက် စစ်ဆေးရာ မိုးညှင်းဘက်မှ မြစ်ကြီးနားဘက်သို့ ယာဉ်မောင်း နေဝင်းထွန်း ဆိုသူမောင်းနှင်ပြီး မောင်ပြည့်ဖြိုးအောင်ဆိုသူ လိုက်ပါလာသည့် SCANIA အမျိုးအစား အပြာရောင်(၈)ဘီးခေါင်းတွဲယာဉ်၌ ချိတ်ဆက်ထားသည့် အပြာရောင်နောက်တွဲဘောက်ဆာ(၁၂)ဘီးမော်တော်ယာဉ်သည် နမစ(ဟိုပင်)ရှေ့အရောက်တွင် မျက်နှာချင်းဆိုင်ဘက်မှ ဦးဇော်လဆိုသူစီးနင်းလာသည့် တံဆိပ်မပါအမျိုးသမီးစက်ဘီး လက်ကိုင်အား မော်တော်ယာဉ်နောက်တွဲ၏ ဝဲဘက်ဘီးဖြင့် ချိတ်မိပြီး ဦးဇော်လသည် နောက်တွဲယာဉ်အောက်ဘက်သို့ လဲကျသွားပြီး နောက်တွဲယာဉ်၏ ဝဲဘက်ဘီးဖြင့် ကြိတ်မိခဲ့သဖြင့် ဦးဇော်လတွင် ဦးခေါင်းကြေမွဒဏ်ရာ၊ ယာလက်ဖျံကျိုးကြေဒဏ်ရာများရရှိခဲ့ပြီး အခင်းဖြစ်နေရာတွင် သေဆုံးသွားကြောင်း စစ်ဆေးပေါ်ပေါက်ခဲ့သည်။

ဖြစ်စဉ်ကြောင့် ယာဉ်မဆင်မခြင်မောင်းနှင်ကာ လူသေဆုံးမှုဖြစ်ပေါ်စေခဲ့သူ ယာဉ်မောင်း နေဝင်းထွန်း(၄၀နှစ်)ဆိုသူအား ဟိုပင်နယ်မြေရဲတပ်ဖွဲ့စခန်းမှ အမှုဖွင့်လှစ်အရေးယူထားကြောင်း သိရသည်။

(၄၄၄)

၀-၀-၀-၀-၀-၀



# မြန်မာ-အိန္ဒိယ 6th Army to Army Staff Talks အစည်းအဝေးကျင်းပ

နေပြည်တော် ဇွန် ၁၃

မြန်မာ-အိန္ဒိယ 6th Army to Army Staff Talks အစည်းအဝေးကို ဇွန် ၁၁ ရက် နံနက်ပိုင်းက နေပြည်တော်ရှိ Park Royal Hotel ၌ ကျင်းပရာ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး ကိုကိုဦးနှင့် တပ်မတော်အရာရှိကြီးများ၊ အိန္ဒိယတပ်မတော်မှ တွဲဖက်ထောက်လှမ်းရေးညွှန်ကြားရေးမှူးချုပ် Major General Charanjeet Singh Dewgun, YSM, ADG MI(A) ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့တို့ တက်ရောက်ဆွေးနွေးကြသည်။



တက်ရောက်

ဦးစွာ မြန်မာ့တပ်မတော်အဖွဲ့ခေါင်းဆောင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယ ဗိုလ်ချုပ်ကြီး ကိုကိုဦးနှင့် အိန္ဒိယတပ်မတော်မှ အဖွဲ့ခေါင်းဆောင် တွဲဖက်ထောက်လှမ်းရေး ညွှန်ကြားရေးမှူးချုပ် Major General Charanjeet Singh Dewgun, YSM, ADG MI(A) တို့က နှုတ်ခွန်းဆက်စကားများ ပြောကြားကြသည်။ ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် နှစ်နိုင်ငံကိုယ်စားလှယ်အဖွဲ့ဝင်များက သက်ဆိုင်ရာကဏ္ဍအလိုက် အပြန်အလှန်ဆွေးနွေးကြပြီး အစည်းအဝေးဆုံးဖြတ်ချက်များနှင့် ဆောင်ရွက်ပြီးစီးမှုများကို ရှင်းလင်းဖတ်ကြားကြသည်။ ယင်းနောက် နှစ်နိုင်ငံအဖွဲ့ခေါင်းဆောင်များသည် အမှတ်တရပစ္စည်းများ အပြန်အလှန်လဲလှယ်ပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

အဆိုပါ အိန္ဒိယတပ်မတော်ကိုယ်စားလှယ်အဖွဲ့အား ညပိုင်းတွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး ကိုကိုဦး က ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံသည်။

မြန်မာ-အိန္ဒိယ 6th Army to Army Staff Talks အစည်းအဝေးသို့ တက်ရောက်လာကြသည့် အိန္ဒိယတပ်မတော် ကိုယ်စားလှယ်အဖွဲ့သည် မြန်မာနိုင်ငံသို့ ရောက်ရှိနေစဉ်အတွင်း နေပြည်တော်ရှိ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးနှင့် မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား သွားရောက်ဖူးမြော်ကြည်ညိုကြပြီး နေပြည်တော်ရှိ အထင်ကရနေရာများဖြစ်သည့် သူရဲကောင်းဗိမာန်နှင့် ကျောက်မျက်ရတနာပြခန်းတို့သို့ လေ့လာခဲ့ကြသည်။ ထို့အပြင် ရှမ်းပြည်နယ်(တောင်ပိုင်း) ညောင်ရွှေမြို့နယ်ရှိ အင်းလေးကန်သို့လည်းကောင်း၊ ရန်ကုန်မြို့ရှိ ဗိုလ်ချုပ်အောင်ဆန်းဈေးသို့လည်းကောင်း သွားရောက်လေ့လာခဲ့ကြပြီး ရွှေတိဂုံစေတီတော်အား သွားရောက်ဖူးမြော်ခဲ့ကြကြောင်း သိရသည်။ သတင်းစဉ်

# ယူအေအီးနိုင်ငံတွင် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသူတစ်ဦးအား နိုင်ငံတော်အစိုးရက အမိနိုင်ငံသို့ ပြန်လည်ခေါ်ဆောင်

ရန်ကုန် ဇွန် ၁၃

နိုင်ငံတော်အစိုးရအနေဖြင့် ပြည်ပတွင်ရောက်ရှိနေသည့် အမိနိုင်ငံသားများ အခက်အခဲကြုံတွေ့နေရပါက နိုင်ငံသားများအပေါ် အလေးအနက် တန်ဖိုးထားသည့်အနေဖြင့် မည်သို့သောအခြေအနေနှင့် တွေ့ကြုံရသည့်တိုင် မြန်မာကောင်စစ်ဝန်ချုပ်ရုံး၊ မြန်မာသံရုံးနှင့် သက်ဆိုင်ရာနိုင်ငံသံရုံးများ ချိတ်ဆက်၍ အမိနိုင်ငံသားများ မြန်မာနိုင်ငံသို့ အမြန်ဆုံး အေးချမ်းလုံခြုံစွာပြန်လည်ရောက်ရှိနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ ယူအေအီးနိုင်ငံတွင် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသူ မသက်သက်လင်းအား အမိနိုင်ငံသို့ အမြန်ဆုံး ပြန်လည်ပို့ဆောင်နိုင်ရန် မြန်မာကောင်စစ်ဝန်ချုပ်ရုံးအနေဖြင့် ယူအေအီးနိုင်ငံ ပြည်ထဲရေးဝန်ကြီးဌာန သက်ဆိုင်ရာပြည်နယ်ရဲတပ်ဖွဲ့နှင့် လူ့စွမ်းအားအရင်းအမြစ်နှင့် နိုင်ငံသားအကျိုးစီးပွားမြှင့်တင်ရေးဝန်ကြီးဌာနတို့မှ အာဏာပိုင်များနှင့်ညှိနှိုင်း၍ ပြန်လည်ခေါ်ဆောင်နိုင်ခဲ့ရာ မြန်မာနိုင်ငံသူ မသက်သက်လင်းသည် ဇွန်လ ၁၂ ရက်က ဆော်ဒီအာရေဗျနိုင်ငံ ဒူဘိုင်းမြို့မှ ဒေသစံတော်ချိန် မွန်းလွဲ ၂ နာရီတွင် လေကြောင်းခရီးစဉ်ဖြင့် ထွက်ခွာခဲ့ပြီး ရန်ကုန်မြို့သို့ ယမန်နေ့ည ၁၀ နာရီ ၁၅ မိနစ်တွင် ပြန်လည်ရောက်ရှိခဲ့သည်။

မြန်မာနိုင်ငံသူ မသက်သက်လင်းသည် အာရပ်စော်ဘွားများပြည်ထောင်စု အဘူဒါဘီမြို့တွင် အလုပ်လုပ်ကိုင်စဉ် ကျန်းမာရေးအခြေအနေကြောင့် မြန်မာနိုင်ငံသို့ပြန်လိုကြောင်း အေဂျင်စီရုံးသို့



မသက်သက်လင်း

ပြောကြားရာ အိမ်ရှင်က နိုင်ငံကူးလက်မှတ်ကုန်ကျစရိတ်၊ လေယာဉ်လက်မှတ်ခ၊ ယူအေအီးနိုင်ငံသို့ ရောက်ရှိချိန် သွားလာစရိတ်၊ အလုပ်မရမီ စားသောက်စရိတ်များပါဝင်သည့် ယူအေအီး ဒါဟမ်း ၂၃၀၀၀ (အမေရိကန်ဒေါ်လာ ၆၅၀၀)အကုန်အကျခံပြီး အေဂျင်စီရုံး၌ ပေးချေခေါ်ယူခဲ့ရခြင်းဖြစ်၍ ထိုငွေကို အိမ်ရှင်ထံ ပေးချေပြီးမှသာ ပြန်ခွင့်ပြုနိုင်မည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံမှပို့ဆောင်ခဲ့သော မြန်မာအေးဂျင့်ကို အသိပေးရာတွင်လည်း ဆောင်ရွက်ပေးနိုင်မှုမရှိခဲ့ကြောင်းသိရပြီး မြန်မာကောင်စစ်ဝန်ချုပ်ရုံးမှ အဆိုပါကိစ္စနှင့်စပ်လျဉ်း၍ ယူအေအီးနိုင်ငံခြားရေးဝန်ကြီးဌာနနှင့် ညှိနှိုင်းဆောင်ရွက်ခဲ့ပြီး အသွား/အပြန်လေယာဉ်လက်မှတ်ခ မြန်မာငွေကျပ် ၃၃ သိန်း ကျခံစေ၍ မြန်မာနိုင်ငံသို့ ပြန်လည်ထွက်ခွာခွင့်ရရှိခဲ့ရာ ယမန်နေ့ညပိုင်းက ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိခဲ့ခြင်းဖြစ်သည်။

ဆော်ဒီအာရေဗျနိုင်ငံ အဘူဒါဘီမြို့တွင် အခက်အခဲကြုံတွေ့ခဲ့ရမှုနှင့်စပ်လျဉ်း၍ မသက်သက်လင်းက "ကျွန်မက ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ချောင်းမြို့နယ် လက်ပံကျေးရွာမှာနေပါတယ်။ ဒူဘိုင်းကို ၂၀၂၃ ခုနှစ် ဇွန်လမှာသွားရောက်ခဲ့ပါတယ်။ မြန်မာနိုင်ငံမှာ ပုဂ္ဂလိကဆေးရုံမှာ အလုပ်လုပ်ရင်း ဝင်ငွေအဆင်မပြေတာနဲ့ သူငယ်ချင်းတစ်ယောက်ရဲ့ အကူအညီနဲ့ ဒူဘိုင်းမြို့ကိုသွားပြီး အလုပ်လုပ်ခဲ့ပါတယ်။ အိမ်ရှင်နဲ့အဆင်ပြေပေမယ့် အိပ်ချိန်မလုံလောက်ပါဘူး။ ည ၂ နာရီခွဲမှာအိပ်ရပြီး မနက် ၅ နာရီ ထရပါတယ်။ လုပ်ခလစာရပေမယ့် အိပ်ရေးမဝတဲ့ဒဏ်ကြောင့် အလုပ်လုပ်ရတာ အဆင်မပြေကြောင်းနဲ့ နှစ်ပတ်မှာတစ်ကြိမ် ဖုန်းသုံးခွင့်ရချိန်မှာ အိမ်ကို လှမ်းပြီးပြောတော့ လူကုန်ကူးမှုတားဆီးရေးအဖွဲ့ကို အိမ်ကမိဘတွေက အကူအညီတောင်းခံခဲ့ပါတယ်။ ဒူဘိုင်းမြို့က မြန်မာကောင်စစ်ဝန်ချုပ်ရုံးက အကူအညီပေးခဲ့တဲ့အတွက် မြန်မာပြည်ကို ပြန်လာခွင့်ရခဲ့တာပါ။ ယဉ်ကျေးမှုဘာသာစကားနဲ့ စားသောက်မှုပုံစံမတူတဲ့အတွက်လည်း အခက်အခဲများစွာရှိခဲ့ပါတယ်။ အဲဒီကိုသွားမယ်လို့ ပြင်ဆင်နေသူတွေရှိရင်လည်း မသွားစေလိုပါဘူး။ ရောက်ရှိနေသူတွေ အဆင်ပြေရဲ့လားလို့လည်း မြန်မာပြည်ကမိဘဆွေမျိုးများက လှမ်းပြီးမေးမြန်းသင့်ပါတယ်။ အဲဒီကိုသွားမယ်ဆိုရင် ငွေတစ်ခုတည်းနဲ့ မက်လုံးပေးတာကို မယုံကြည်ဘဲ လေ့လာစုံစမ်းပြီးမှ သွားသင့်ပါတယ်။ အခက်အခဲတွေ အများကြီး စောင့်ကြိုနေလို့ပါ။ အခုလိုမြန်မာနိုင်ငံသားတစ်ဦး ဒုက္ခရောက်နေချိန်မှာ အစစအရာရာ ကူညီဖြေရှင်းပေးပြီး လေဆိပ်ကနေ အမိနိုင်ငံကို ပြန်ရောက်တဲ့အထိ အကူအညီပေးခဲ့တဲ့ ဝန်ထမ်းအားလုံးကို ကျေးဇူးတင်ပါတယ်။ အထူးသဖြင့် မြန်မာကောင်စစ်ဝန်ချုပ်ရုံးက လူကြီးမင်းများအားလုံးကို အထူးပဲ ကျေးဇူးတင်ပါတယ်"ဟု ပြောသည်။

ယူအေအီးနိုင်ငံတွင် အခက်အခဲများကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများ အမိနိုင်ငံသို့ ပြန်လည်ထွက်ခွာနိုင်ရန် မြန်မာကောင်စစ်ဝန်ချုပ်ရုံးက ကူညီဆောင်ရွက်ပေးလျက်ရှိပြီး ထိုနိုင်ငံတွင် အလုပ်လုပ်ကိုင်စဉ် အလုပ်ရှင်နှင့်အဆင်မပြေမှုဖြစ်ပေါ်ပါက မြန်မာပွဲစားများက တာဝန်ယူဖြေရှင်းပေးမှုမရှိသည့်အပြင် ဒူဘိုင်းအေဂျင်စီရုံးနှင့် အလုပ်ရှင်တို့က နိုင်ငံကူးလက်မှတ်များကို သိမ်းဆည်းထားခြင်း၊ ပွဲစားများက အေဂျင်စီရုံးအဆင့်ဆင့်ထံ လက်လွှဲအသုံးချမှုတို့ကို ကြုံတွေ့နေရကြောင်း သိရသည်။

နိုင်ငံတော်အစိုးရအနေဖြင့် ပြည်ပ၌ အလုပ်လုပ်ကိုင်စဉ် အခက်အခဲကြုံတွေ့ရသည့် မြန်မာနိုင်ငံသားများကို မြန်မာသံရုံးနှင့် ကောင်စစ်ဝန်ချုပ်ရုံးတို့၏ ညှိနှိုင်းကူညီဆောင်ရွက်မှုဖြင့် အမိနိုင်ငံသို့ ပြန်လည်ခေါ်ဆောင်နိုင်ခဲ့ကြပြီး ယခုလို အမိနိုင်ငံသားများ အတိဒုက္ခကြုံတွေ့နေရစဉ် ကူညီကယ်တင်ပေးမှုအား အလုပ်သမားနှင့်မိဘဆွေမျိုးများက နိုင်ငံတော်အစိုးရနှင့် မြန်မာသံရုံး ကောင်စစ်ဝန်ချုပ်ရုံးတို့အား လှိုက်လှိုက်လှဲလှဲ အထူးကျေးဇူးတင်လျက်ရှိကြောင်း သိရသည်။

ညိမ်းသူ(သတင်းစဉ်)

ဓာတ်ပုံ - ကနူး/ရဲထွဋ်

# ဆီဆိုင်ဒေသခံ ၆၀ နီးပါးကို လုံခြုံရေးတပ်ဖွဲ့ဝင်များက ဖမ်းဆီးထားသည်ဟု သတင်းတု၊ သတင်းအမှားများ လုပ်ကြံရေးသားဖြန့်ဝေလျက်ရှိ

နေပြည်တော် ဇွန် ၁၃

ရှမ်းပြည်နယ်(တောင်ပိုင်း) ဆီဆိုင်မြို့နယ်အတွင်း တိုက်ပွဲဖြစ်ပွားမှုများကြောင့် ယာယီတိမ်းရှောင်နေရာမှ မိမိနေရပ်သို့ပြန်လည်ရောက်ရှိလာသည့် ထီဗွာကျေးရွာမှ ဒေသခံပြည်သူ ၅၉ ဦးကို လုံခြုံရေးပူးပေါင်းတပ်ဖွဲ့ဝင်များက ကျေးရွာခန်းမအတွင်း၌ ဖမ်းဆီးထားသည်ဟု အထင်အမြင်လွဲမှားဖွယ် သတင်းတု၊ သတင်းအမှားများကို တရားမဝင်ပြည်ဖျက်မီဒီယာများက လုပ်ကြံရေးသားဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။

ဖြစ်စဉ်အမှန်မှာ ဆီဆိုင်မြို့နယ်အတွင်း PNLA အကြမ်းဖက်သမားများ၏ အကြမ်းဖက်လုပ်ရပ်များကြောင့် ဒေသခံပြည်သူများ ယာယီနေရပ်စွန့်ခွာတိမ်းရှောင်နေလျက်ရှိရာ အဆိုပါဒေသများ ပြန်လည်တည်ငြိမ်အေးချမ်းရေးအတွက် နယ်မြေခံတပ်မတော်သားများက ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များ၊ ဒေသခံပြည်သူများနှင့်ပူးပေါင်း၍ လိုအပ်သည့် လုံခြုံရေးလုပ်ငန်းများဆောင်ရွက်ခဲ့မှုကြောင့် ယခုအခါ ဒေသခံတိုင်းရင်းသားများ ပြန်လည်ဝင်ရောက်နေထိုင်လျက်ရှိပြီး သက်ဆိုင်ရာတာဝန်ရှိသူများကလည်း ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။ ထိုသို့ ပြန်လည်ဝင်ရောက်လာသည့် ဒေသခံတိုင်းရင်းသားပြည်သူများကို ဖမ်းဆီးထားသည်ဆိုသည့် သတင်းမှာ မှန်ကန်မှုမရှိကြောင်း လုံခြုံရေးတာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ သိရသည်။

PNLA အကြမ်းဖက်သမားများ၏ အကြမ်းဖက်လုပ်ရပ်များကြောင့် နေအိမ်များ မီးလောင်ပျက်စီးပြီး တည်ငြိမ်အေးချမ်းမှုပျက်ပြားခဲ့ရသည့် ဆီဆိုင်မြို့နယ်မှ ဒေသခံပြည်သူများက ၎င်းတို့၏ အကြမ်းဖက်လုပ်ရပ်များကို ဆန့်ကျင်ကန့်ကွက်လျက်ရှိသည့်အတွက်




တရားမဝင် ပြည်ဖျက်မီဒီယာများမှတစ်ဆင့် သတင်းတု၊ သတင်းအမှားများ လုပ်ကြံရေးသားပြီး ဝါဒဖြန့်ဝေနေခြင်းသာဖြစ်ကြောင်း သိရသည်။ သတင်းစဉ်

# ချမ်းအေးသာစံမြို့နယ်တွင် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေး လူထုအသိပညာပေးလှုံ့ဆော်ရေး မြေစိုက်ပိုစတာ စိုက်ထူ

**မန္တလေး ဇွန် ၁၃**

နိုင်ငံတော်၏ လူမှုရေး၊ စီးပွားရေး၊ စီမံခန့်ခွဲရေးကိစ္စရပ်များအတွက် မူဝါဒများချမှတ်ခြင်း၊ စီမံကိန်းများ ရေးဆွဲအကောင်အထည်ဖော်ခြင်း လုပ်ငန်းများ ဆောင်ရွက်ရာတွင် အခြေခံထားရမည့် လူဦးရေဆိုင်ရာကိန်းဂဏန်း အချက်အလက်များ ရရှိစေနိုင်ရန် ဆောင်ရွက်မည့် အရေးကြီးလုပ်ငန်းစဉ်ဖြစ်သည့် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေး လူထုအသိပညာပေးလှုံ့ဆော်ရေး မြေစိုက်ပိုစတာ စိုက်ထူခြင်းကို မန္တလေး၊ ချမ်းအေးသာစံမြို့နယ် လမ်း၃၀ နှင့် ၇၃လမ်းထောင့်တွင် ဇွန် ၁၃ ရက် နံနက် ၇ နာရီက ကျင်းပခဲ့သည်။



အဆိုပါ လူထုအသိပညာပေးလှုံ့ဆော်ရေး မြေစိုက်ပိုစတာ စိုက်ထူပွဲတွင် ချမ်းအေးသာစံမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၁) ဗိုလ်မှူးအေးလင်းထွန်း၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးပြည့်ဖြိုးအောင်နှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ မြို့နယ် ဦးစီးမှူး ဦးဝေလင်းတို့က လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေး၊ လူထုအသိပညာပေးလှုံ့ဆော်ရေး မြေစိုက်ပိုစတာကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးပြီး အမွှေးနံ့သာရည်များ ပက်ဖျန်းကြသည်။

ထို့သို့ လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေး လူထုအသိပညာပေးလှုံ့ဆော်ရေး မြေစိုက်ပိုစတာ စိုက်ထူခြင်းနှင့်အတူ လမ်းသွားလမ်းလာ ပြည်သူများအား ၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူရေး အသိပညာပေး လက်ကမ်းစာစောင်များနှင့် ပိုစတာများအား အခမဲ့ ပေးဝေခဲ့ကြကြောင်း သိရသည်။

(အပေါ်ပုံ)(၀၇၂)



# သုံးနှစ်ဆက်တိုက် တံခွန်စိုက်ဆုရရှိသည့် ကချင်ပြည်နယ် ကိုယ်စားပြု ဂျူဒိုအားကစားအသင်းအား ကြိုဆိုဂုဏ်ပြုပွဲ ကျင်းပ

**မြစ်ကြီးနား ဇွန် ၁၃**

နေပြည်တော်ကောင်စီနယ်မြေတွင် ကျင်းပခဲ့သည့် ၂၀၂၄ ခုနှစ် တိုင်းဒေသကြီးနှင့်ပြည်နယ် ပေါင်းစုံ ဂျူဒိုပြိုင်ပွဲတွင် အမျိုးသမီး တံခွန်စိုက်ဆုဖလားနှင့် စုပေါင်းတံခွန်စိုက်ဆုဖလားကို ထိုက်ထိုက်တန်တန်ရရှိခဲ့သည့် ကချင်ပြည်နယ် ကိုယ်စားပြု ဂျူဒိုအားကစား အသင်းအား ကြိုဆိုခြင်းကို ဇွန် ၁၀ရက် နံနက် ၉ နာရီ ၅၅ မိနစ်က မြစ်ကြီးနားမြို့ ပမ္မတီးရပ်ကွက်ရှိ မြစ်ကြီးနားလေဆိပ်တွင် ကျင်းပခဲ့သည်။

ရှေးဦးစွာ ကချင်ပြည်နယ် အစိုးရအဖွဲ့ လူမှုရေးရာဝန်ကြီး ဦးမိုးမင်းသိန်း ဦးဆောင်သည့် တာဝန်ရှိသူများက အောင်ပွဲရ ဂျူဒိုအားကစားအသင်းအား မြစ်ကြီးနား လေဆိပ်တွင် ကြိုဆိုကြပြီး လေဆိပ်မှ မြစ်ကြီးနားမြို့တွင်း ပြည်ထောင်စုလမ်းမကြီးတစ်လျှောက်တွင် ခရိုင်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဒေသခံပြည်သူများက အိုးစည်ဒိုးပတ် အကများဖြင့် ဖျော်ဖြေကာ ကြိုဆိုခဲ့ပြီး မြစ်ကြီးနားမြို့ ရေရာရပ်ကွက် ကချင်ပြည်နယ် အားကစားနှင့် ကာယပညာဦးစီးဌာနမှူး ရုံးဝင်း အတွင်းရှိ မိုးလုံလေလုံအားကစား ခန်းမသို့ရောက်ရှိရာ ကချင်ပြည်နယ် အစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးခက်ထိန်နန်၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ဦးတူးဂျာနှင့် တာဝန်ရှိသူများက ဂုဏ်ပြုကြိုဆိုပြီး ဂုဏ်ပြုချီးမြှင့်ခြင်း အခမ်းအနားကို အဆိုပါ ခန်းမတွင် ဆက်လက်ကျင်းပခဲ့သည်။

ရှေးဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က ဂုဏ်ပြုအမှာစကားပြောကြားခဲ့ပြီး ကချင်ပြည်နယ် ဂျူဒိုအသင်းအုပ်ချုပ်သူ ဒေါ်မြမြသွယ်က ကြိုတင်ပြင်ဆင်ဆောင်ရွက်ခဲ့မှု အခြေအနေများအား လည်းကောင်း၊ ကချင်ပြည်နယ် ဂျူဒိုအသင်းနည်းပြ ဦးဝဏ္ဏထွန်းက ပြိုင်ပွဲအတွေ့အကြုံများအား ရှင်းလင်းတင်ပြပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ဆုရအားကစားသမားများအား ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ချီးမြှင့်ခဲ့ကာ အောင်ပွဲရ အားကစားသမားများက တံခွန်စိုက်ဆုဖလားအား လွှဲပြောင်းပေးအပ်ရာ ပြည်နယ်ဝန်ကြီးချုပ်က လက်ခံရယူပြီး အောင်ပွဲရအား ကစားသမားများ ကိုယ်စား အားကစားသမားတစ်ဦးက ကျေးဇူးတင်စကား ပြောကြားခဲ့ပြီး ကချင်ပြည်နယ်ကိုယ်စားပြု ဂျူဒိုအားကစားအသင်းသည် ယခုနှစ်အပါအဝင် သုံးနှစ်ဆက်တိုက် တံခွန်စိုက်ဆုဖလားအား ထိုက်တန်စွာရရှိခဲ့ခြင်းဖြစ်ကြောင်းနှင့် ၂၀၂၄ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ်ပေါင်းစုံ ဂျူဒိုအားကစားပြိုင်ပွဲတွင် ရွှေတံဆိပ် ၇ခု၊ ငွေတံဆိပ် ၁ခုနှင့် ကြေးတံဆိပ် ၅ခုတို့ ရရှိခဲ့ကာ အမျိုးသမီး တံခွန်စိုက်ဆုဖလားနှင့်စုပေါင်း တံခွန်စိုက်ဆုဖလား ရရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။(အပေါ်ပုံ)

(၄၄၄)

# ဗိုဗီနမ်အားကစားဖွံ့ဖြိုးရေးငွေနှင့် အားကစားဝတ်စုံများထောက်ပံ့

**မန္တလေး ဇွန် ၁၃**

မြန်မာနိုင်ငံ ဗိုဗီနမ်အားကစားအဖွဲ့ချုပ်မှ ဗိုဗီနမ်အားကစားဖွံ့ဖြိုးတိုးတက်စေရေးအတွက် ငွေနှင့် အားကစားဝတ်စုံများ ထောက်ပံ့ပေးအပ်ပွဲကို ဇွန် ၁၂ ရက် နံနက် ၁၀ နာရီက ချမ်းမြသာစည်မြို့နယ်၊ ၇၃လမ်းရှိ အားကစားနှင့်ကာယပညာသိပ္ပံ (မန္တလေး) အားကစားလေ့ကျင့်ရုံတွင် ကျင်းပသည်။



အခမ်းအနားတွင် မြန်မာနိုင်ငံ ဗိုဗီနမ် အားကစားအဖွဲ့ချုပ် ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌတို့ ကိုယ်စား အတွင်းရေးမှူး ဒေါ်ခင်လေးမွန်က အလှူငွေကျပ် ဆယ်သိန်းနှင့် ဗိုဗီနမ်အားကစားသင်တန်းသား၊ သင်တန်းသူ ၁၈ ဦးအတွက် ဝတ်စုံတစ်စုံ ငွေကျပ် ၆၀၀၀၀ နှုန်းဖြင့် ငွေကျပ် ၁၀၈၀၀၀၀ တို့အား ထောက်ပံ့ပေးအပ်ရာ အားကစားနှင့် ကာယပညာသိပ္ပံ (မန္တလေး)ကျောင်းအုပ်ကြီး ဦးမြင့်ခိုင်က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

ထို့နောက် မြန်မာနိုင်ငံ ဗိုဗီနမ်အားကစားအဖွဲ့ချုပ် အတွင်းရေးမှူးက ဗိုဗီနမ်အားကစားနည်းများအား ရှင်းလင်းသရုပ်ပြသသည်။ အခမ်းအနားသို့ အားကစားနှင့်ကာယပညာသိပ္ပံတွင် လေ့ကျင့်နေသော ဗိုဗီနမ်သင်တန်းသူများ တက်ရောက်ခဲ့ကြသည်။ အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် ဗိုဗီနမ်အားကစားသမားများက နိုင်ငံ့ဂုဏ်ဆောင် ရွှေတံဆိပ်ဆုများ ရယူပေးနိုင်ခဲ့သည်။(အပေါ်ဝဲပုံ)

(၀၄၅)

# အခြေခံစားသောက်ကုန်များကို အထူးသက်သာသောဈေးနှုန်းဖြင့် ပြည်သူများထံသို့ တိုက်ရိုက်ရောင်းချပေးလျက်ရှိ

**မန္တလေး ဇွန် ၁၃**

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏စီစဉ်ကြီးကြပ်မှုဖြင့် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ စားသုံးသူရေးရာဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံ ဆန်စက်လုပ်ငန်းရှင်များအသင်း၊ မန္တလေးတိုင်းဒေသကြီး ဆီကုန်သည်များနှင့်ဆီလုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်း၍ ကုန်ဈေးနှုန်းတည်ငြိမ်ရေးအတွက် ပြည်သူများထံသို့ ဆန်၊ ဆီ၊ ကြက်ဥ၊ ဘဲဥ၊ ငါးများကို အထူးသက်သာသော ဈေးနှုန်းဖြင့် တိုက်ရိုက်ရောင်းချမှု အစီအစဉ်ကို နေ့စဉ် နံနက် ၆ နာရီခွဲမှစတင်ကာ ပြည်ကြီးတံခွန်မြို့နယ် (ဆ)ရပ်ကွက်၊ အကွက်(၈၈-၄၇)၊ ၅၄လမ်း၊ ၁၃၁လမ်းနှင့် ၁၃၂လမ်းကြားတွင် ရောင်းချပေးခဲ့သည်။

ပြည်သူများထံသို့ တိုက်ရိုက်ရောင်းချနေမှုအစီအစဉ်ကို မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၊ စီးပွားရေးရာဝန်ကြီး ဦးသိန်းဌေးနှင့် တာဝန်ရှိသူများ၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ ဈေးနှင့်သားသတ်ဌာန ဌာနမှူး ဦးသက်နိုင်နှင့် တာဝန်ရှိသူများက အနီးကပ်ကြီးကြပ်ပြီး အဆင်ပြေစွာ ဝယ်ယူရရှိနိုင်ရေးဆောင်ရွက်ပေးလျက်ရှိသည်။

အခြေခံစားသောက်ကုန် သက်သာအရောင်းဆိုင် ဖွင့်လှစ်ရောင်းချပေးမည့် အစီအစဉ်များကို ဇွန် ၁၄ ရက်တွင် မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီရုံးကြီး၊ ၂၆လမ်းနှင့် ၂၇လမ်းကြား၊ ၇၁လမ်းနှင့်၇၂ လမ်းကြားတွင် မွန်းလွဲ ၂ နာရီမှစတင်ကာ ရောင်းချပေးသွားမည်ဖြစ်သည်။

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပိုင်ဈေးများနှင့် စားအုန်းဆီအသင်းမှ ဖြန့်ဖြူးရောင်းချပေးသော အဆိုပြု ဆီဆိုင်များတွင် စားအုန်းဆီများကို နံနက် ၈ နာရီမှစတင်ကာ နေ့စဉ်ရောင်းချပေးလျက်ရှိကြောင်း သိရသည်။

(အောက်ပုံ)

(မန္တလေးနေ့စဉ်–၆)



## ၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင် မန္တလေးတိုင်းဒေသကြီးအတွင်း အခြေခံပညာနှင့်စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အထက်တန်းကျောင်း(၅)ကျောင်း တိုးမြှင့်ဖွင့်လှစ်



**မန္တလေး ဇွန် ၁၃**

မန္တလေးတိုင်းဒေသကြီးအတွင်း ၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင် အခြေခံပညာနှင့်စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အထက်တန်းကျောင်း ငါးကျောင်း တိုးမြှင့်ဖွင့်လှစ်ပေးထားကြောင်း မန္တလေးတိုင်းဒေသကြီး ပညာရေးမှူးရုံး စီမံကိန်းကြီးကြပ်အကဲဖြတ်ဌာန ဒုတိယညွှန်ကြားရေးမှူး ဦးစိုးမြင့်ချိုက ပြောသည်။

အဆိုပါ ကျောင်းများကို ၂၀၂၃-၂၀၂၄ ပညာသင်နှစ်တွင် အခြေခံပညာနှင့်စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အထက်တန်းကျောင်းများအား တစ်နိုင်ငံလုံးတွင် ၅၁ ကျောင်း ဖွင့်လှစ်ခဲ့ရာ မန္တလေးတိုင်းဒေသကြီးအနေဖြင့် ငါးကျောင်း ဖွင့်လှစ်ပေးခဲ့ပြီး ယခု ၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင်လည်း တိုင်းဒေသကြီးအတွင်း၌ အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အထက်တန်းကျောင်းငါးကျောင်းကို ပြည်ကြီးတံခွန်မြို့နယ်၊ အမှတ်(၂၇) အခြေခံပညာအထက်တန်းကျောင်း၊ အမရပူရမြို့နယ်၊ အခြေခံပညာအထက်တန်းကျောင်း ပလစ(၂)၊ ပြင်ဦးလွင်မြို့နယ်၊ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း (ခွဲ)၊ အခြေခံပညာအထက်တန်းကျောင်း တံတားဦး၊ မြင်းခြံမြို့နယ်၊ အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်းတို့ကို ထပ်မံတိုးမြှင့်ဖွင့်လှစ်ပေးထားသည်။

"Grade-9 အောင်မြင်ပြီး အလယ်တန်းအဆင့်ပြီးတာနဲ့ ပညာဆက်လက်သင်ယူခွင့်ရရှိအောင် အခွင့်အလမ်းဖွင့်ပေးတဲ့အနေနဲ့ ဒီစက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးအထက်တန်းကျောင်းတွေကို တိုးမြှင့်ဖွင့်လှစ်ပေးတာပါ။ ၂၀၂၃-၂၀၂၄ ပညာသင်နှစ်မှာ တစ်နိုင်ငံလုံးအနေနဲ့ အခြေခံပညာနှင့်စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အထက်တန်းကျောင်းပေါင်း ၅၁ ကျောင်း ရှိခဲ့ပါတယ်။ အခု ၂၀၂၄-၂၀၂၅ ပညာသင်နှစ်မှာ ထပ်မံတိုးချဲ့ ဖွင့်လှစ်ပေးခဲ့တဲ့အတွက် စုစုပေါင်း ၈၅ ကျောင်း ရှိတယ်လို့ သိရပါတယ်။ တချို့ဆိုရင် အလုပ်တွေရနေပြီ။ လုပ်ငန်းထူထောင်သူတွေလည်း ရှိနေပါပြီ။ ကျောင်းသားတွေအနေနဲ့ ထူးချွန်ရင်ထူးချွန်သလို ဆက်ပြီး တက်ရောက်ခွင့်ရရှိပါတယ်။ ကျောင်းအလိုက်ဆိုရင် စက်မှုဘာသာရပ်မှာ လူဦးရေ ၉၀၊ စိုက်ပျိုးရေးဘာသာရပ်မှာ လူဦးရေ ၃၀၊ မွေးမြူရေးဘာသာရပ်မှာ လူဦးရေ ၃၀ သတ်မှတ်ထားပြီး လက်ခံနေပါတယ်"ဟု ၄င်းက ပြောသည်။

ထိုအခြေခံပညာနှင့်စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးအထက်တန်းကျောင်းများသို့ တက်ရောက်သည့် ကျောင်းသား၊ ကျောင်းသူများ တစ်နှစ်ထက်တစ်နှစ် များပြားလာပြီး တချို့ကျောင်းများတွင် သတ်မှတ်ဦးရေထက် လျှောက်ထားသူဦးရေ ကျော်လွန်နေလျက်ရှိပြီး သတ်မှတ်ဦးရေ မပြည့်သေးသည့် ကျောင်းများကို ဇွန် ၂၄ ရက်အထိ ကျောင်းအပ်လက်ခံပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**(အပေါ်ဝဲပုံ)(ဝ၃၄)**

## ကမ္ဘာ့ကလေးအလုပ်သမား ဆန့်ကျင်တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အသိပညာပေးဆွေးနွေး

**ပျဉ်းမနား ဇွန် ၁၃**

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်အလုပ်ရုံနှင့် အလုပ်သမား ဥပဒေစစ်ဆေးရေးဦးစီးဌာနမှ ကျင်းပသည့် ကမ္ဘာ့ကလေးအလုပ်သမား ဆန့်ကျင်တိုက်ဖျက်ရေးနေ့အထိမ်းအမှတ် အသိပညာပေးဆွေးနွေးပွဲကို ဇွန် ၁၂ ရက် နံနက်ပိုင်းက ပျဉ်းမနားမြို့၊ မြန်မာ့သစ်လုပ်ငန်း လေ့ကျင့်ရေးသင်တန်းကျောင်း အမှတ်(၂)၊ ကျွန်းတော်ဝင်ခန်းမ၌ ကျင်းပခဲ့သည်။ **(အောက်ဝဲပုံ)**

ရှေးဦးစွာ နေပြည်တော်အလုပ်သမားညွှန်ကြားရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူး ဦးကိုကိုလင်းက အဖွင့်အမှာစကား ပြောကြားခဲ့ရာ ၂၀၂၄ခုနှစ်၊ ဇွန် ၁၂ ရက်တွင် ကျရောက်သည့် ကမ္ဘာ့ကလေးအလုပ်သမားဆန့်ကျင်တိုက်ဖျက်ရေးနေ့၏ Theme Title မှာ Let's act on our commitment End Child Labour (ကလေးအလုပ်သမား အဆုံးသတ်ရေး ကျွန်ုပ်တို့၏ ကတိကဝတ်အတိုင်း ဆောင်ရွက်ကြပါစို့)ဖြစ်ပြီး မြန်မာနိုင်ငံ ကလေးအလုပ်သမား ပပျောက်ရေးဆိုင်ရာ အမျိုးသားအဆင့်လုပ်ငန်း စီမံချက်ကို ထိရောက်အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာလုပ်ငန်းစဉ်များ အသိအမြင် ဗဟုသုတများကို အများပြည်သူ ပိုမိုသိရှိစေရန်အတွက် ယခုကဲ့သို့ အသိပညာပေး ဆွေးနွေးပွဲကို ကျင်းပရခြင်းဖြစ်ကြောင်း ပြောကြားခဲ့သည်။

ဆက်လက်၍ အလုပ်ရုံနှင့် အလုပ်သမားဥပဒေ စစ်ဆေးရေးဦးစီးဌာန၊ နေပြည်တော်ကောင်စီနယ်မြေရုံးမှ နေပြည်တော်ကောင်စီနယ်မြေစစ်ဆေးရေးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်သဲမွန်ရည်က ကလေးအလုပ်သမား ပပျောက်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ အသိပညာပေး ဆွေးနွေးပြောကြားခဲ့သည်။

အဆိုပါအခမ်းအနားသို့ မြန်မာ့သစ်လုပ်ငန်းလေ့ကျင့်ရေးသင်တန်းကျောင်းအမှတ်(၂) ကျောင်းအုပ်ကြီး၊ နေပြည်တော်အလုပ်သမား ညွှန်ကြားရေးဦးစီးဌာန၊ နေပြည်တော် လူမှုဖူလုံရေးအဖွဲ့၊ နေပြည်တော်အလုပ်ရုံနှင့် အလုပ်သမားဥပဒေ စစ်ဆေးရေး ဦးစီးဌာနနှင့် နေပြည်တော် အလုပ်သမားရေးရာ ဆက်ဆံရေး ဦးစီးဌာနတို့မှ တာဝန်ရှိသူများ၊ စက်ရုံ၊ အလုပ်ရုံ၊ ဆိုင်နှင့် အလုပ်ဌာနများမှ ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**



## ချမ်းမြသာစည်မြို့နယ်တွင် ၂၀၂၄ ခုနှစ် အိမ်ထောင်စုလူဦးရေ သန်းခေါင်စာရင်း ကောက်ယူရေးဆိုင်ရာ အသိပညာပေးပိုစတာ စိုက်ထူ

**မန္တလေး ဇွန် ၁၃**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဗဟိုသန်းခေါင်စာရင်းကော်မရှင်၏ လမ်းညွှန်မှုဖြင့် အိမ်ထောင်စု လူဦးရေသန်းခေါင်စာရင်း ကောက်ယူရေး အသိပညာပေးပိုစတာ စိုက်ထူပွဲ အခမ်းအနားကို ဇွန် ၁၂ ရက် နံနက် ၁၀ နာရီက လူစည်ကားရာနေရာဖြစ်သော ချမ်းမြသာစည် မြို့နယ် ၇၃လမ်းနှင့်သိပ္ပံလမ်းဆုံ၊ ၇၃လမ်းမနေရာတွင် ဆောင်ရွက်ခဲ့သည်။

အသိပညာပေးပိုစတာ စိုက်ထူခြင်းဖွင့်ပွဲ အခမ်းအနားကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးကျော်မျိုးနိုင်၊ အဖွဲ့ဝင်(၂) ဗိုလ်မှူး ဝေဖြိုးအောင်၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ မြို့နယ်ဦးစီးမှူး ဦးရဲမင်းထွန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြသည်။ ဆက်လက်ပြီး တာဝန်ရှိသူများက အသိပညာပေးပိုစတာအား အမွှေးနံ့သာရည်များဖြင့် ဖျန်းပက်ခဲ့ကြပြီး တက်ရောက်လာကြသူများအား ပိုစတာများကို ပေးအပ်ခဲ့ကြသည်။

အခမ်းအနားသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ အဖွဲ့ဝင်(၂)၊ မြို့နယ်ရဲတပ်ဖွဲ့မှူး၊ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ မြို့နယ်ဦးစီးမှူး၊ မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**(အောက်ပုံ)**

**ချမ်းမြေ့**



## သင်္ဂဇာချောင်း၊ ကန်တော်ကြီးနှင့် တောင်သမန်ကန် ရေစီးရေလာကောင်းမွန်ရေး နေ့စဉ်ဆောင်ရွက်

**မန္တလေး ဇွန် ၁၃**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီသည် သင်္ဂဇာချောင်း၊ ကန်တော်ကြီးနှင့် တောင်သမန်ကန် ရေအရည်အသွေးကောင်းမွန်ရေး၊ ရေစီးရေလာကောင်းမွန်ရေးနှင့် သန့်ရှင်းသာယာလှပရေးအတွက် လုပ်ငန်းကော်မတီဖွဲ့စည်း၍ လုပ်ငန်းများကို စီမံချက်ချမှတ်ပြီး လုပ်ငန်းကဏ္ဍအသီးသီးအလိုက် နေ့စဉ်ဆောင်ရွက်လျက်ရှိသည်။

ထိုသို့လုပ်ငန်းများဆောင်ရွက်ရာတွင် ယမန်နေ့က သင်္ဂဇာချောင်း ရေစီးရေလာကောင်းမွန်ရေးအတွက် အောင်မြေသာစံမြို့နယ် သန့်ရှင်းရေးဌာနမှတာဝန်ရှိသူများသည် သင်္ဂဇာချောင်း အလယ်ပေါင် တံတားအနောက်ဘက်မြောင်းအတွင်းမှ ဗေဒါနှင့်ဒိုက်များကို လုပ်သားများက ဆယ်ယူရှင်းလင်းဆောင်ရွက်ကြသည်။

ချမ်းအေးသာစံမြို့နယ် သန့်ရှင်းရေးဌာနမှတာဝန်ရှိသူများသည် သင်္ဂဇာချောင်း ရေစီးရေလာကောင်းမွန်ရေးအတွက် သင်္ဂဇာချောင်း အနောက်ဘက်ပတ်လမ်း ၂၉လမ်းနှင့်လမ်း၃၀ကြား ချောင်းအတွင်းမှ ဗေဒါနှင့်ဒိုက်အမှိုက်များကို လုပ်သားများက ဆယ်ယူရှင်းလင်း ဆောင်ရွက်ခဲ့ကြသည်။

မဟာအောင်မြေမြို့နယ် သန့်ရှင်းရေးဌာနမှတာဝန်ရှိသူများသည် သင်္ဂဇာချောင်း ရေစီးရေလာကောင်းမွန်ရေးအတွက် ကန်တော်ကြီးမြောက်ဘက်ခြမ်း သင်္ဂဇာ ရေထိန်းတံခါးချောင်းအတွင်းမှ ဒိုက်အမှိုက်နှင့်နွံများကို Longarm စက်အသုံးပြု၍ ဆယ်ယူရှင်းလင်း ဆောင်ရွက်ခဲ့ကြသည်။

သင်္ဂဇာချောင်းသည် ကန်တော်ကြီးအတွင်း စီးဝင်သည့် ချောင်းတစ်ခုဖြစ်ပြီး အလားတူ ရွှေတချောင်းမြောင်း၊ တက်မြောချောင်း၊ ငွေတချောင်းမြောင်း၊ ရေကြည်မြောင်းများသည်လည်း စီးဝင်သဖြင့် ရေစီးရေလာ ကောင်းမွန်စေရေးအတွက် ချောင်းကို မြောင်းရေနှင့်ဆေးချသည့်နည်း အသုံးပြုဆောင်ရွက်ထားသည်။ **(အောက်ပုံ)**

ကန်တော်ကြီးသာယာလှပရေးအတွက် ပန်းဥယျာဉ်နှင့် ကစားကွင်းများဌာနမှတာဝန်ရှိသူများသည် ကန်တော်ကြီးတောင်ဘက်ကန်ရှိ ဗေဒါများကို လူအင်အား၃၀ဦး၊ ဘက်ဟိုးစက်တစ်စီးနှင့် မော်ဆယ်စက်တစ်စီး အသုံးပြု၍ ကမ်းကပ်ဆယ်ယူရှင်းလင်းရာ တန် ၈၀ ခန့် ပြီးစီးအောင် ဆောင်ရွက်နိုင်ခဲ့ပြီး ဗေဒါဖြတ်စက်အသုံးပြု၍ စက်မောင်းချိန် ၄ နာရီ ဖြတ်တောက်ဆောင်ရွက်ရာ တစ်ဧကခွဲခန့် ဖြတ်တောက်ဆောင်ရွက်နိုင်ခဲ့ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်-၃)**



# နိုင်ငံတကာ ရုပ်ရှင်၊ ဂီတ သတင်းများ

## Anne Curtis Joshua Gareia နှင့် Carlo Aquino တို့က It's Okay To Not Be Okay ကို ပြန်ရိုက်မည်




ဖိလစ်ပိုင်ဗားရှင်းနှင့် ကိုရီးယားဇာတ်ကား It's Okay To Not Be Okay ကို အနုပညာရှင် ဂျိုရှုအာဂရေစီနှင့် ကာလိုအာကွာနိုတို့က ပြန်လည်ရိုက်ကူးထားသည်ဟု နာမည်ကြီး ကိုရီးယား သရုပ်ဆောင်ကင်ဆိုဟွမ်၊ အိုဂျောင်ဆီနှင့် ဆိုရီဂျင်းတို့ ပါဝင်ထားသည့် အဆိုပါ ဇာတ်ကားကို အန်နီခရစ်၊ ဂျိုရှုအာဂရေစီနှင့် ကာလိုအာကွာနိုတို့က ဖိလစ်ပိုင်ဗားရှင်းနှင့် ရိုက်ကူးမည်ဟု အတည်ပြုထားသည်။

မူရင်းကိုရီးယားဗားရှင်းတွင် ရောဂါသည်နှင့်အတူ စိတ်ရောဂါကုသူနာပြုမလေးတို့ ချမ်းသာကြွယ်ဝသည့် စာရေးဆရာမလေးနှင့် တွေ့ဆုံ၍ စိတ်ဒဏ်ရာများ အချင်းချင်းကုစားပေးရင်း ရှေ့ဆက်ခဲ့ကြသည့် အချစ်ဇာတ်လမ်းဖြစ်သည့် စိတ်ကျန်းမာရေးပိုင်းဆိုင်ရာဇာတ်လမ်းတွဲတစ်ပုဒ်ဖြစ်သည်။ (SKY)



## ချောကလက်မည်း ၁၅၅ မျိုးကို ဓာတ်ခွဲစစ်ဆေးရာ ဘေးဖြစ်စေသောဓာတ်ပစ္စည်းများ မတွေ့ရှိရ

လွန်ခဲ့သော၂၀၂၃ခုနှစ်က အမေရိကန်ပြည်ထောင်စု၌ ထွက်ပေါ်ခဲ့သည့် စားသုံးသူအစီရင်ခံစာများအရ ချောကလက်မည်းတွင် ခဲနှင့်ကေဒီယမ်အပါအဝင်ဘေးဖြစ်စေသော ဓာတ်ပစ္စည်းများပါဝင်နေသည်ဟု သိခဲ့ရသဖြင့် ချောကလက်မည်းနှစ်သက်သူများ စားသုံးရန်နောက်တွန့်သွားခဲ့ကြသည်။

အမေရိကန်ပြည်ထောင်စု တူလိန်းတက္ကသိုလ် လူထုကျန်းမာရေးနှင့် အပူပိုင်းဆေးပညာကျောင်း ပတ်ဝန်းကျင်ကျန်းမာရေးသိပ္ပံဘာသာရပ်များဌာနမှ လက်ထောက်ပါမောက္ခတောပိုဒရှေ့စ်ဂိုဒေဘိုဦးဆောင်သော သုတေသီများမကြာသေးမီက ချောကလက်မည်း ၁၅၅ မျိုးကို ဓာတ်ခွဲစစ်ဆေးကြည့်ခဲ့ကြသည်။

ထိုသို့စစ်ဆေးကြည့်ရာတွင် လူတို့ကိုဘေးဖြစ်စေသော ဓာတ်ပစ္စည်းများ မတွေ့ရှိရဘဲ ကျန်းမာရေးနှင့်ညီညွတ်သည်ဟု အတည်ပြုနိုင်ခဲ့ကြောင်း သိရသည်။ (SCI)

## Kim Junho တို့ မိသားစု Return of Superman နှင့် ပရိသတ်စိတ်ဝင်စားခံရ

ရသစုံအစီအစဉ်တစ်ခုဖြစ်သည့် Return of Superman တွင် ကင်ဂျွန်ဟိုတို့ မိသားစုပါဝင်ထားပြီး ပရိသတ်စိတ်ဝင်စားအားပေးမှု ရရှိထားသည်ဟု ဆွန်ပီဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

ကင်ဂျွန်ဟိုသည် သားနှစ်ဦးနှင့်အတူ အဆိုပါ အစီအစဉ်တွင် ပါဝင်ထားကာ သားကြီးအန်ဝူးနှင့် သားငယ်ဂျောင်ဝူတို့ကို မည်သူ့အကူအညီမှ မပါဘဲ ထိန်းကျောင်းခဲ့ရပြီး ဇနီးဖြစ်သူအပေါ် ချစ်မြတ်နိုးကြောင်း ထုတ်မပြခဲ့သော်လည်း သူ၏အပြုအမူများနှင့် ချစ်ကြောင်းဖော်ပြထားသည်။

ကလေးနှစ်ဦးနှင့်ကင်ဂျွန်ဟိုကို ပရိသတ်များစိတ်ဝင်စားခဲ့ကြပြီး သားကြီး အန်ဝူး၏ ချစ်စဖွယ်ပုံရိပ်များကြောင့် ပရိသတ်ပို၍ အားပေးထားကြကာ အချို့ပရိသတ်များက ဝေဖန်ထားကြသော်လည်း ကျော်ကြားသော မိသားစုဖြစ်နေသည်။ (SKY)






## Chachi 420 ရုပ်ရှင် ရလဒ်ကောင်း ရရှိထား

ဘောလီဝုဒ်ရုပ်ရှင် Chachi 420 မှာ ပရိသတ်အားပေးမှုနှုန်းမြင့်မားစွာနှင့် ရလဒ်ကောင်း ရရှိထားပြီး ကမားလ်ဟာစန်၊ တဘူးတို့ အဓိက ပါဝင်ထားသည်ဟု ဘောလီဝုဒ်အတ်ဒိတ်တွင် ဖော်ပြသည်။

အဆိုပါရုပ်ရှင်တွင် ချစ်၍ယူထားကြသည့် ဇနီးမောင်နှံနှစ်ဦးမှာ လုပ်ငန်းရှင်သူဌေးသမီးနှင့် လခစားလက်ထောက်ရုပ်ရှင်ဒါရိုက်တာတို့ဖြစ်ကြပြီး သမီးလေးတစ်ဦးမွေးပြီးနောက် ဆင်းရဲဒဏ်မခံနိုင်၍ လမ်းခွဲခဲ့ကြသည်။

တရားရုံးမှ သမီးဖြစ်သူအုပ်ထိန်းခွင့်ကို ဇနီးသည်အားပေးခဲ့၍ တစ်ပတ်တစ်ခါသာ တွေ့ခွင့်ရမည်ဟု ဆုံးဖြတ်ချက်ချထားသည်ကို စည်းကမ်းဖောက်ခဲ့၍ တွေ့ခွင့်ပိတ်ခံရကာမှ မိန်းမတစ်ဦး ဟန်ဆောင်ပြီး ကလေးထိန်းအဖြစ် သမီးနှင့် တွေ့ရန် ကြိုးစားခဲ့ပုံကို ရိုက်ကူးတင်ဆက်ထားသည်။

မူရင်းဘောလီဝုဒ်ရုပ်ရှင်မှာ IMD b rating 7.4 ရထားပြီး အခြားနိုင်ငံများမှလည်း ပြန်လည်ရိုက်ကူးထားကြရာ မြန်မာရုပ်ရှင်မာမီရှိန်းအဖြစ်လည်း တွေ့ရသည်။ (SKY)

## Suga က ရုပ်သံတင်ဆက်သူကို Agust D အကြောင်းရှင်းပြ

ဘီတီအက်စ်အဖွဲ့ဝင် ဆူဂါ (ခေါ်)မင်ယွန်းဂီသည် အဆိုတော်၊ တေးရေး၊ ထုတ်လုပ်သူတစ်ဦးဖြစ်ရုံသာမက အစီအစဉ်တင်ဆက်သူအဖြစ်လည်း စကားပြောကောင်းကာ ရုပ်သံတင်ဆက်သူကို Agust D အကြောင်း ရှင်းပြပေးထားသည်ဟု အောကေပေ့ါ်ပ်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။



ဆူဂါကို ရုပ်သံတင်ဆက်သူနှင့်အင်တာဗျူးတွင် Agust D ဆိုသည့် နာမည်ကို မေးခဲ့ရာမှ Agust D ကို နောက်မှအစဉ်လိုက် ပြန်ဖတ်လျှင် DT Suga ဟု မြင်ရလိမ့်မည်။ မွေးရပ်မြေ Daegu ကို အစွဲပြု၍ Daegu Town Suga ဟု အဓိပ္ပာယ်ရသည်ဟု ရှင်းပြထားသည်။

ဒယ်ဂူမြို့မှ ဆူဂါဟု အဓိပ္ပာယ်ရသည့် Agust D မှာ ပရိသတ်ကြား အောင်မြင်မှုများစွာ ရရှိထားကာ အနေအေးသော ဆူဂါ၏ ကြီးမားသော စကားလုံးများက ပရိသတ်ရင်ထဲထိ ရောက်အောင် စွမ်းဆောင်နိုင်ခဲ့သည်။ (SKY)

## G Dragon က Winner ဆိုသည့် အဓိပ္ပာယ်ကို ဖွင့်ဆိုထား

ဂျီဒရယ်ဂွန်(ခေါ်)ကွမ်ဂျီယောင်းက အောင်မြင်မှုနှင့်ပတ်သက်၍ အဓိပ္ပာယ်ဖွင့်ဆိုချက်ကို ပရိသတ်ထံ ဝေမျှပေးထားသည်ဟု ဆွန်ပီဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

ဂျီဒရယ်ဂွန်က အောင်မြင်သူများသည် တစ်ချိန်က ကျရှုံးမှုအကြိမ်ကြိမ်နှင့် ရင်ဆိုင်ခဲ့ရသည်။ Winner များမှာ Loser များဖြစ်ကြသည်ဟု ဆိုကာ အက်ဒီဆင်သည် မီးလုံးတစ်လုံးတီထွင်ရန် အကြိမ်တစ်ထောင်ကျော်ကြိုးစားခဲ့ရသကဲ့သို့ ဖိုဒ်ကလည်း ကားတီထွင်ရန် နှစ်ပေါင်းများစွာရင်းနှီးရ၍ ယနေ့ မက်ဆီ၊ ရော်နယ်ဒို၊ ဂျက်စတင်ဘီဘာနှင့် ဘရက်ပင့်ခ်ဖြစ်လာရန် ရင်းနှီးခဲ့ရပေသည့် ချွေးစက်ပေါင်းများစွာ ရေလိုစီးဆင်းခဲ့ရသည်။

သူ့ဘဝတွင်လည်း အကြိမ်ကြိမ်လဲကျပြီး ပြန်ထခဲ့ရကာ နည်းလမ်းပေါင်းတစ်သောင်းကျော်ကြိုးစား၍ အဆင်မပြေလျှင်လည်း ဆက်လုပ်ခဲ့ပြီး တစ်ခါလုပ်တိုင်း အမှန်ရဖို့ နီးစပ်ခဲ့၍ အစွမ်းကုန်ကြိုးစားကာ လူတကာ အိပ်နေချိန် ညလုံးပေါက်သီချင်းရေးခဲ့ပြီး သင်တန်းသားဘဝ ဆာလောင်ချိန်ရေသောက်ဗိုက်မှောက်အိပ်ခဲ့ရပြီး ဘဝတွင် သင်ယူမှုများနှင့် မပြီးဆုံး၍ သေသည်အထိ သင်ယူသွားကာ လဲကျလျှင် ပြန်ထ၊ ဆုံးရှုံးလျှင် ပိုကြိုးစား၊ ဒူးကွဲသွေးထွက်နေလည်း လျှောက်ရမည့်လမ်းကို ဆက်လျှောက်ခဲ့ရသည်ဟု ပရိသတ်ထံ ဝေမျှပေးထားသည်။(SKY)



## Wang Yibo ၏ ပုံရိပ်ကို တရုတ်ပညာရေးလောကတွင် အကျယ်တဝင့် ဖော်ပြထား

တရုတ်နိုင်ငံ၏ အကြီးဆုံးသတင်းဌာန ဆင်ဟွာ၏ ဖော်ပြချက်အရ ဝမ်ရိဘို၏ ပုံရိပ်ကို တရုတ်ပညာရေးလောကတွင် အကျယ်တဝင့် ဖော်ပြထားရာ Shandong Setelite TV မှ ထုတ်လွှင့်သည့် အစီအစဉ်တွင် မြင်တွေ့ရသည်ဟု ဆိုသည်။

အဆိုပါအစီအစဉ်တွင် ကလေးငယ်များက ဝမ်ရိဘို၏ ဇာတ်ကောင် wei Ruolai ပြောခဲ့သည့် စကားများကို လိုက်ပြောရင်း တရုတ်စာ၊ တရုတ်သမိုင်းနှင့် ခံယူချက်များကို လေ့လာခဲ့ကြကြောင်း၊ ဝမ်ရိဘို၏ လူငယ်ရှေ့ဆောင်ဘက်စုံထူးချွန်ရုပ်သွင်နှင့် ကိုယ်စားပြုအဖြစ် မူလတန်းမှ တက္ကသိုလ်အထိ ပညာရေးနှင့် စာပေဟောပြောပွဲများတွင် သူ့ပုံရိပ်နှင့် သူ့သီချင်းများကို သုံးစွဲနေကြသည်။

"နိုင်ငံတစ်နိုင်ငံအလားအလာ တိုးတက်ရန် ဉာဏ်ပညာရှိသည့် လူငယ်များ လိုအပ်ပြီး နိုင်ငံတစ်နိုင်ငံအင်အားကြီးရန် လူငယ်များထံမှ အင်အားများ လိုအပ်သည်ဟုလည်း Xinhuo သတင်းဌာနက ဖော်ပြထားပြီး လက်ရှိပညာရေး နယ်ပယ်များတွင် ဝမ်ရိဘို၏ အရည်အချင်း၊ ခံယူချက်နှင့် ပုံရိပ်များ အကျယ်တဝင့်ဖော်ပြထားသည်။ (SKY)



# မြစ်ကမ်းပါးပြိုမှု ကာကွယ်ထိန်းသိမ်းရေးအတွက် စုပေါင်းသစ်ပင်စိုက်ပျိုးပွဲတော် ပြုလုပ်

**မြစ်ကြီးနား ဇွန် ၁၃**

ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့တွင် မြစ်ကမ်းပါးပြိုမှု ကာကွယ်ထိန်းသိမ်းရေးအတွက် စုပေါင်းသစ်ပင်စိုက်ပျိုးပွဲတော်ကို ဇွန် ၁၁ ရက် ညနေပိုင်းက ဧရာဝတီမြစ်ဘေး Golden Ayar ဆိပ်ကမ်းတွင် ပြုလုပ်သည်။



ရှေးဦးစွာ ကချင်ပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်နှင့် အစိုးရအဖွဲ့ တာဝန်ရှိသူများက သတ်မှတ်နေရာအသီးသီးတွင် နေရာယူကြပြီး ပြည်နယ်ဝန်ကြီးချုပ်က ယမနေပင်ကို ဦးဆောင်စိုက်ပျိုးပေးသည်။

ထို့နောက် သစ်ပင်စိုက်ပျိုးပွဲတော်သို့ တက်ရောက်လာသော ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဒေသခံပြည်သူများ၊ လူမှုရေးအသင်းအဖွဲ့များက သတ်မှတ်နေရာများတွင် သစ်ပင်များစိုက်ပျိုးကြပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက စုပေါင်းသစ်ပင်စိုက်ပျိုးနေမှုကို လှည့်လည်ကြည့်ရှုအားပေးကာ တက်ရောက်လာသူများနှင့် စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကူးကြသည်။

အဆိုပါ ကမ်းပြိုကာကွယ်ရေး စုပေါင်းသစ်ပင်စိုက်ပျိုးပွဲတော်တွင် ဧရာဝတီမြစ်ကမ်းပါးပြိုမှုကို ကာကွယ်ထိန်းသိမ်းရန်၊ ရာသီဥတုပြောင်းလဲမှုနှင့် သဘာဝဘေးအန္တရာယ်လျော့ပါးစေရန်၊ သဘာဝပတ်ဝန်းကျင် စိမ်းလန်းစိုပြည်စေပြီး ရာသီဥတု ညီညွတ်မျှတမှုရှိစေရန်၊ သစ်တောသစ်ပင်များကို ချစ်ခင်မြတ်နိုးတတ်စေပြီး သစ်ပင်စိုက်ပျိုးခြင်း၊ သစ်တောထိန်းသိမ်းခြင်းလုပ်ငန်းတို့တွင် ပြည်သူများ ပူးပေါင်းပါဝင် ဆောင်ရွက်လာစေရန်ရည်ရွယ်၍ ဒေသနှင့်ကိုက်ညီသည့် ယမနေပင် ၁၁၀ ကို တပျော်တပါး စုပေါင်းစိုက်ပျိုးခဲ့ကြောင်း သိရသည်။

**(အပေါ်ပုံ)**

**ကျော်ဇောဦး(မောရှမ်းမြေ)**

# မဟာအောင်မြေမြို့နယ်ရှိ လောကနတ်သဘင်ခန်းမအား မန္တလေးသဘင်ကွန်ဒိုအဖြစ် အဆင့်မြှင့်တည်ဆောက်မည်

**မန္တလေး ဇွန် ၁၃**

မြန်မာနိုင်ငံသဘင်အစည်းအရုံး (မန္တလေးတိုင်းဒေသကြီး) အမည်ပေါက်ဖြစ်သော မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ ရွှေဘုန်းရှိန်ရပ်ကွက်၊ ၄၂လမ်း၊ ၈၂လမ်းနှင့် ၈၄လမ်းကြားတွင် တည်ရှိသော မန္တလေးတိုင်းဒေသကြီး သဘင်အစည်းအရုံး၊ လောကနတ်ခန်းမအား မြန်မာနိုင်ငံသဘင်အစည်းအရုံး(ဗဟို)၏ လမ်းညွှန်ချက်ဖြင့် သဘင်အစည်းအရုံး အလွှာအသီးသီးရှိ အနုပညာရှင်များအတွက် Mandalay Thabin Condo အဆင့် မြင့် အဆောက်အအုံ ကို စတင်ဆောက်လုပ်မည်ဖြစ်ကြောင်း မြန်မာနိုင်ငံသဘင် အစည်းအရုံး (မန္တလေးတိုင်းဒေသကြီး)မှ သိရသည်။



**(အပေါ်ပုံ)**

**(ဝ၄၅)**



# ပန်းချီဆရာများပူးပေါင်း၍ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်းတွင် ပန်းချီပြပွဲ ကျင်းပ

**တောင်တွင်းကြီး ဇွန် ၁၃**

မကွေးတိုင်းဒေသကြီး၊ မကွေးခရိုင်၊ တောင်တွင်းကြီးမြို့နယ်ရှိ ပန်းချီဆရာများ ပူးပေါင်း၍ ပန်းချီပြပွဲကို ယမန်နေ့ မွန်းလွဲ ၁ နာရီက အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း ပေလေးပင် ဘက်စုံသုံးခန်းမတွင် ကျင်းပခဲ့သည်။

အဆိုပါ ပန်းချီပြပွဲတွင် ပြသသည့် ပန်းချီအမျိုးအစားများမှ ခဲပန်းချီ၊ ရေဆေးပန်းချီ၊ ကာလာပန်းချီ၊ ပန်းဆဲ၊ ခရေယွန်၊ ပိုစတာကာလာ၊ အခရိုင်းလစ်၊ ကာတွန်းပန်းချီ စသည့် အမျိုးအစား ရှစ်မျိုးနှင့် ပန်းချီကားပေါင်း ၁၀၀ ကျော် ခင်းကျင်းပြသထားကြောင်း ပန်းချီပြပွဲ စီစဉ်သူ တာဝန်ခံတစ်ဦးထံမှ သိရသည်။

**(အပေါ်ဝဲပုံ)**

**မြို့နယ်(ပြန်/ဆက်)**




ဖတ်စရာ၊ မှတ်စရာ စုံလင် မန္တလေး

## ကျောင်းတော်ကြီးမှာ ပညာသင်

* ပညာသင်ပါ သားလိမ္မာ
ယဉ်ကျေးချိုသာ သူ့မူယာ
စိတ်မှာညစ်ဆိုး ကင်းတတ်မျိုး
ပညာသင်တဲ့ သည်ကောင်းကျိုး ။

* ပညာသင်ပါ သမီးလိမ္မာ
နှစ်ဖြာကိုယ်စိတ် ချမ်းသာရာ
သူဟာလမ်းပြ သင်တဲ့မျိုး
ပညာသင်ရ သည်ကောင်းကျိုး ။

* ပညာတတ်ရင် သိဉာဏ်တွင်
ဆင်ခြင်ပွားမျိုး ကောင်းနဲ့ဆိုး
မပျိုးမလုပ် မပြုရာ
ပညာသင်ရ ကောင်းကျိုးဖြာ ။

* သားသားမီးမီး ကျောင်းနေရွယ်
ကျောင်းကို တက်ကြ စာသင်မယ်
ကျောင်းတော်ကြီးရဲ့ သမီးသား
အနာဂတ်ရဲ့ လူ့စွမ်းအား ။ ။

**ရေချမ်း-မန်း**



# အမရပူရမြို့နယ်တွင် နွေစပါး(မနောသုခ)စံကွက်ရိတ်သိမ်းပွဲ ပြုလုပ်

**အမရပူရ ဇွန် ၁၃**

မန္တလေးတိုင်းဒေသကြီး၊ အမရပူရခရိုင်၊ အမရပူရမြို့နယ် နွေစပါး စံကွက်ရိတ်သိမ်းပွဲကို ယမန်နေ့ နံနက်ပိုင်းက ဘနော ကျေးရွာအုပ်စု၊ ကွင်းအမှတ် (၆၅၀)ကွင်း၊ ကွင်းအမည် ဘနောကွင်း၊ ဦးပိုင်အမှတ်(၁၁၃/၂)၊ ဧရိယာ(၂ ဒသမ ၇၁)ဧကရှိ တောင်သူ ဒေါ်တင်တင်စိုး၏ (မူရင်း) လယ်မြေပေါ်တွင် စိုက်ပျိုးထားရှိသော နွေစပါး(မနောသုခ) စံကွက်ရိတ်သိမ်းခြင်းကို ဆောင်ရွက်ခဲ့သည်။

အဆိုပါ စံကွက်ရိတ်သိမ်းပွဲသို့ အမရပူရမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးစိုးညွန့်ဦး၊ အမရပူရမြို့နယ် မြေစာရင်းဦးစီးဌာနမှူး ဦးဆယ်တင်နှင့် ဝန်ထမ်းများ၊ အမရပူရမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှူး ဒေါက်တာ ဒေါ်မိုးဆွေရည်နှင့် ဝန်ထမ်းများ စံကွက်ရိတ်သိမ်းခဲ့သည်။

အဆိုပါစံကွက်မှ တစ်ဧကလျှင် အစို အထွက်တင်း (၁၀၅ ဒသမ ၄၇)တင်း ထွက်ရှိကြောင်း အမရပူရမြို့နယ် မြေစာရင်းဦးစီးဌာနရုံးမှ သိရသည်။

**(အပေါ်ပုံ)**

**စိုးသီဟ(အမရ)**

# တာဝန်ထမ်းကြသည်ဆိုရာဝယ်

နိုင်ဗလ

(၁၁-၆-၂၀၂၄)ရက်မှ အဆက်

**Trifles make perfection, but perfction itself is no trifle.**

သေးဖွဲသောအရာကလေးများသည် ပြည့်စုံမှုကိုဖြစ်စေသည်။ သို့သော် ပြည့်စုံမှုသည် အသေးအဖွဲမဟုတ်ဟု **မိုက်ကယ်အိန်ဂျလို**(အီတလီလူမျိုး ပန်းပုဆရာ၊ ပန်းချီဆရာ၊ ကဗျာဆရာနှင့် ဗိသုကာ ၁၄၇၅-၁၅၆၄)က ဆိုခဲ့သည်။ ထိုအဆိုကို အပြည့်အဝ ထောက်ခံမိသည်။

ငယ်စဉ်ကတည်းက မိခင်၊ ဖခင်တို့၏ဆိုဆုံးမမှုကို နားထောင်လိုက်နာခဲ့သဖြင့် မူလတန်းအရွယ်တွင်လည်း မိမိအရွယ်လိုက် ကိုယ်ရောစိတ်ပါ ပြည့်စုံလုံခြုံမှုကို ခံစားရသည်။ အခက်အခဲများကို ကျော်ဖြတ်နိုင်ခဲ့သည်။ အားငယ်ကြောက်လန့်မှုတို့ကို ကျော်လွှားနိုင်ခဲ့သည်။ မိဘ၏ အသေးအဖွဲစကားလေးများက နုနယ်ငယ်ရွယ်သော အရွယ်အား သံမဏိဒိုင်းကဲ့သို့ကာကွယ်၊ အင်အားကြီးမားသောတွန်းအားများကို ဖြစ်စေသည်။ အလယ်တန်းကျောင်းသားဘဝတွင် ဖခင်၏ လမ်းကြောင်းခွင့်ပြုမှုဖြင့် ပုံနှိပ်မီဒီယာတွင် စတင်ဖော်ပြခံရသည်။ ထိုစဉ်က ရာပြည့်ကွင်း (ယခု ရတနာပုံတိရစ္ဆာန်ဥယျာဉ်)တွင် ကျင်းပသော အထိမ်းအမှတ်ပြပွဲကြီးများတွင် ပါဝင်ခွင့်ရခဲ့သည်။ ထိုတွန်းအားအနည်းငယ်မှသည် စာဖတ်လိုစိတ်ဖြစ်ပေါ်လာအောင် တွန်းပို့သည်။ ထိုစာဖတ်လိုစိတ်ကြောင့်ပင် စာပေနယ်တွင် ဝင်ရောက်ကျင်လည်နိုင်ခဲ့ခြင်းဖြစ်သည်။ ယခုအချိန်ထိ အကျင့်စာရိတ္တမှတ်ကျောက်တင်ခံနိုင်မှု၊ ပညာရေးတွင် အတိုင်းအတာတစ်ခုအထိ ပြည့်စုံမှု၊ မိမိ၏ အလုပ်ခွင်အတတ်ပညာပိုင်းတွင် ကျွမ်းကျင်ပေါ့ပါးမှုများ ရရှိခဲ့သည်။ အသေးအဖွဲကလေးများကို စုစည်းခဲ့မှုကြောင့် ပြည့်စုံမှု(အတိုင်းအတာတစ်ခုဆို) ဖြစ်လာရခြင်းဖြစ်သည်။ ထိုပြည့်စုံမှုများသည်လည်း အသေးအဖွဲမဟုတ်ဟု ခံယူမိသည်။ ဖခင်ထံမှ စက်မှုလက်မှုပညာကို ငယ်စဉ်ကတည်းက အမြင်ဖြင့် သင်ယူသည်။ အကြားဖြင့် သင်ယူသည်။ မေးမြန်းမှုဖြင့်လည်း အသေးအဖွဲဟု မထင်၊ မှတ်သားခဲ့သည်များက လက်တွေ့ဘဝတွင် အရာထင် အရေးပါခဲ့သည်အထိ ပြည့်စုံမှုကို ပေးခဲ့သည်မှာ မန္တလေး နို့ထွက်ပစ္စည်းဖွံ့ဖြိုးရေးစီမံကိန်းတွင် လက်တွေ့ခံစားခဲ့ရပြီ။

မိမိကျောင်းပြန်မတက်မီ ခေတ္တပြန်လာစဉ် မိသားစု၏ ခြံထဲတွင် အဆောက်အအုံဆောက်၊ ရေတွင်းတူး၊ အပင်စိုက်လုပ်ငန်းလေးများ လုပ်ခဲ့သည်။ တစ်ခုချင်းစီသည် အသေးအဖွဲလေးများပင်ဖြစ်သော်လည်း မိသားစုသည် လည်းကောင်း၊ မိမိကိုယ်တိုင်သော်လည်းကောင်း ပြည့်စုံလုံခြုံမှုကို ကြီးစွာ ခံစားရစေသည်။ ထိုခံစားရချက်သည် အသေးအဖွဲမဟုတ်သည်မှာလည်း ထင်ရှားလှသည်။

တက္ကသိုလ်ဒုတိယနှစ်တက်စဉ်က စာပေ ပြဿနာတစ်ခုဖြင့် အဆင်မပြေဖြစ်ခဲ့ဘူးသည်။ ထို့ကြောင့် မိမိစိတ်ကို ဖြေရန် မန္တလေးတက္ကသိုလ် စာကြည့်တိုက်(ရာဇတ်ခန်းမ)တွင် နံနက်စာကြည့်တိုက်ဖွင့်သည်မှ ညနေစာကြည့်တိုက်ပိတ်ချိန်ထိ တစ်နှစ်လုံး စာများကို ဆက်တိုက်ဖတ်ရှုခဲ့ဘူးသည်။

**Read the best books first, on you many not have a chance to read them at all.**

**'အကောင်းဆုံးစာအုပ်များကို ဦးစွာ ဖတ်ပါ။ သို့မဟုတ်ပါက ထိုစာအုပ်များအားလုံးကို ဖတ်ရန်အတွက် သင့်တွင် အချိန်မရဘဲဖြစ်ပေလိမ့်မည်'**ဟူသော အမေရိကန်စာရေးဆရာ **ဟင်နရီဒေးဗစ်သော်ရို**(၁၈၁၇-၁၈၆၂)၏ အဆိုကို ရွတ်ဆိုပြပြီး အတန်းတက်ရန် လာခေါ်သော သူငယ်ချင်းများကို ငြင်းဆိုခဲ့ဘူးသည်။ ထိုနှစ်က အတန်းမတက်သဖြင့် စာမေးပွဲကျခဲ့သည်။ သို့သော် ထိုစဉ်က ဖတ်ခဲ့သော စာအုပ်များ၏ ကျေးဇူးကား ယခုထက်တိုင်အသုံးဝင် အကျိုးများလျက် ရှိဆဲပင်ဖြစ်သည်။ ပြည့်စုံကောင်းမွန်လှသော စာကြည့်တိုက်ကြီးထဲမှ စာအုပ်များကို တစ်နှစ်လုံး စိတ်ကြိုက်ဖတ်ရှုနိုင်ရန် စာသင်နှစ်တစ်နှစ်အဆုံးအရှုံး ခံခဲ့သည်အထိ ရူးသွပ်ခဲ့ဘူးသည်။ ယခု ထိုကဲ့သို့ ဖတ်ရှုနိုင်ရန်၊ အချိန်မပေးနိုင်တော့၊ အချိန်လည်း မရတော့ပေ။ တစ်ပတ်လျှင် စာအုပ်တစ်အုပ်ပြီးအောင် မနည်းအချိန်ပေးဖတ်နေရသည်။ တခြား မအားလပ်သည့်အပြင် ဖုန်းထဲတွင်လည်း အချိန်များကို ခွဲဝေပေးထားရသေးသည်။ စာဖတ်ချိန် နည်းပါးလှ၏။

နံနက်အိပ်ရာမှ ထကတည်းက အိမ်ရှေ့အဖီအောက်တွင်ထားသော နွားမကြီးနှင့် နွားကလေးတို့ကို ခြံထောင့်မှ ပိန္နဲပင်အောက်သို့ ရွှေ့သည်။ ခြင်မီး အူထားသော မီးစ၊ မီးနများကို သိမ်း၊ နွားချေးပုံများကို ကျုံး၍ နွားချေးကန်တွင် စုဆောင်းသိမ်းဆည်းသည်။ ခြံထဲမှ အပင်များအတွက် နွားချေးများများရလေ အဆင်ပြေလေဖြစ်သည်။ အဖီအောက်တွင် သန့်ရှင်းရေးလုပ်ပြီးသည်နှင့် ရေတွင်းမှ ရေငင်၍ မီးဖိုဆောင်သုံးရန်ဖြည့်သည်။ အပင်များကို ရေပေးသည်။ ဖောက်သည်လာယူသော ဟင်းသီးဟင်းရွက်များကို ပေးသည်။ နွားမကြီးနှင့် နွားကလေးကို သေချာစွာ ရေချိုးသန့်စင်ပေးသည်။ ခွာကြား၊ ပေါင်ကြား မကျန် ဘရပ်ရှ်ဖြင့် ပွတ်တိုက်ဆေးကြောရသည်။ မွှားကောင်များ မကျန်အောင် နှုတ်ပေးရသည်။ မိမိအရပ်ထက်ပင်မြင့်မားထွားကျိုင်းလှသော နွားမကြီးသည် ကြီးမားလှပ လှသည်။ တပ်ထဲတွင် မည်သူမျှ မနိုင်သော နွားမကြီးကျွန်တော်က ခြေထောက်မြှောက်ခွာကြားက ရွှံ့တွေဖယ်မယ်ဆိုလျှင် ခြေထောက်မြှောက်ပေးသည်။ တစ်ချက်မျှ မရိုက်နှက်ရဘဲ တစ်ရက်တည်းဖြင့် ယဉ်ကျေးလာသည်မှာ အံ့သြဖွယ်ပင်၊ ကိုယ်က မေတ္တာဖြင့် စိတ်ရှည်စွာ ကိုင်တွယ်ခြင်းကြောင့် ဖြစ်မည်။ နွားများကို အစာကျွေးရေတိုက်ပြီးချိန်တွင် နံနက် ၅နာရီထိုးပြီ ဖခင်ဖြစ်သူလည်း ပရိတ်၊ ပဋ္ဌာန်းများရွတ်၍ ပြီးပြီ၊ ဘုရားရှိခိုးပြီးပြီဖြစ်၍ နံနက်စာထမင်းစားကြသည်။ ပြီးလျှင် သီရိမြိုင်ဈေးဘက်သို့ ဈေးဝယ်ရန် ထွက်လာခဲ့သည်။

မော်လမြိုင်တွင် နေသမျှ နံနက်တိုင်း ကျွန်တော်ဈေးသွားခဲ့သည်။ မိခင်ကြီးအတွက် လိုအပ်သည်များဝယ်ပေးပြီး ဝယ်နေကျ ငါးသည်ထံ သွားသည်။ ကျွန်တော်ကြိုက်သော ငါးတစ်မျိုးဝယ်သည်။ နေ့စဉ် ငါးတစ်မျိုး ဝယ်နေကျဖြစ်သည်။ ပင်လယ်ငါး၊ ပုစွန်၊ ရေချိုငါးတို့ထဲမှ တနေ့တမျိုး မရိုးအောင်စားသည်။ ငါးသည် အန်တီကြီးက ငါးလိပ်ကျောက်အသည်းတစ်မြုံလက်ဆောင်ပေးလိုက်သည်။ ကျွန်တော်ကြိုက်မှန်းသိ၍ ဖြစ်သည်။ ငါးလိပ်ကျောက်အသည်းကို ဒယ်အိုးကြီးတွင် ထည့်၍ မီးဖိုပေါ်တင်ထားလျှင် အပေါ်ယံသို့ ဆီများတက်လာသည်။ ထိုဆီများကို ခပ်ယူ၍ ဟင်းချက်၊ သား၊ ငါးများကြော်၍ ရသည်။ ကျန်ရှိသော အနှစ်ကို ထမင်းဖြင့်နယ်၍ စားက လွန်စွာဆိမ့်လှသည်။ ဖွတ်ဥ၊ လိပ်သဲ၊ ကျွဲနို့ခဲဟု ရှေးစကားရှိခဲ့သည်။ အထက်ပိုင်း မဲဇာ၊ ကသာ၊ ထီးချိုင့်၊ ကဒူးကနန်းနယ်ဘက်သွားစဉ်က ဖွတ်ဥများကို မကြာခဏစားရသည်။ ကြက်ဥအသေးစားအရွယ်ထိ ကြီးသည်။ မော်လမြိုင်တွင် လိပ်သဲ(ငါးလိပ်ကျောက်အသည်း) စားရသည်။ ကျွဲနို့မှာ စစ်တောင်းသို့ပြန်လျှင် အိမ်တွင်ရှိသော ကျွဲများမှရသော ကျွဲနို့များကား သောက်၍ မကုန်၊ ကျွဲနို့ကို ကျိုလိုက်လျှင် ပျစ်ခဲ၍ မလိုင်တက်နေသည်မှာ တစ်ခွက်သောက်လိုက်လျှင် အီဆိမ့်ပြီး နံနက်စာပင် လွတ်တတ်သည်။ ခြံထဲသို့ ဈေးဝယ်လာသော အထုပ်ကို ပြန်ထားပြီး ရေချိုးသည်။ စက်ဘီးကို လေထိုး၍ မုဒုံလမ်းမကြီးဘက်မှ ပတ်၍ မော်လမြိုင်ထဲဘက်ထွက်ခဲ့သည်။ နံနက် ၉ နာရီဝန်းကျင်တွင် ပြဘွယ်တာဝန်များ ထမ်းဆောင်ခဲ့ပြီးဖြစ်သည်။ မောင်ငံ အလယ်တန်း ဇာနည်အောင် ဆေးခန်းနောက်မှ ဦးလေး၏ အိမ်ခဏဝင်၍ ဖုန်း လာ၊ မလာစုံစမ်းပြီး စာအုပ်အငှားဆိုင်သို့ သွား၍ စာအုပ်ရွေးချယ်ငှားရမ်းသည်။ ထို့နောက် ထိုင်နေကျဖြစ်သည့် ဘိုးဘွားရိပ်သာ ရန်ပုံငွေအတွက် ဖွင့်သည့် သံလွင်မြစ်ကမ်းဘေးမှ လက်ဖက်ရည်ဆိုင်တွင် အနားယူသည်။ မြစ်ကမ်းဘက် အနီးဆုံးစားပွဲဝိုင်းတွင် ထိုင်ကာ ငှားလာသော စာအုပ်များကို အကြမ်းဖျင်းမြည်းစမ်းဖတ်ရှုသည်။ ဆိုင်မှဖွင့်သော သီချင်းသံကို ခံစားရင်း သံလွင်မြစ်ထဲမှလာသော လေနုအေးကို အသိအမှတ်ပြုသည်။ ဆွဲဆောင်နေသော မြစ်ကမ်းအလှတွင် နှစ်မြောရင်း အတွေး နယ်ချဲ့သည်။ မြစ်ထဲတွင် သင်္ဘောများ၊ စက်လှေများ စုန်ဆန်သွားလာနေကြသည်။ ဗင်ယော် ငှက်ကလေးများကလည်း ဝဲပျံနေကြသည်။ နေရောင်ခြည်ကြောင့် လှိုင်းကြက်ခွပ်များက တလက်လက်ထနေသည်။ တစ်ဖက်ကမ်းတွင် ဘီလူးကျွန်းကို ဣန္ဒြေတစ်ခွဲသားဖြင့် မြင်ရသည်။ အားရက်တစ်ရက်တွင် ဘီလူးကျွန်းသို့ သွားလည်ရဦးမည်။ တစ်ခါကအဖြစ်တစ်ခု သတိရမိသည်။ မန္တလေးသို့ သွားမည်ဖြစ်သဖြင့် နံနက် ၃ နာရီကတည်းက မုတ္တမဘက်ကမ်းကူးမည့် ဇက်ဆိပ်သို့ ဆင်းခဲ့သည်။ မုတ္တမဘူတာမှတစ်ဆင့် ရထားစီးပြီး ခရီးဆက်ရမည်ဖြစ်သည်။ နံနက် ၄ နာရီဇက်ပေါ်တက်၍ ဇက်သင်္ဘောကမ်းက ခွာသည်။ ဘေးမှ အဖော်နှင့် စကားတပြောပြောဖြင့် နေရင်းက မုတ္တမကမ်းသည် နီးလာရမည့်အစား တဖြည်းဖြည်းဝေး၍ ဝေး၍ လာရာ ဇက်သင်္ဘောမှားစီးမိပြီအထင်ဖြင့် 'ဟာ ဟော့လူ ဒီဇက်က ပင်လယ်ဝဘက် သွားနေတာလေ၊ ကျွန်တော်က မုတ္တမကမ်းကူးရမှာ သင်္ဘောမှားစီးမိပြီဗျ'ဟု ပြောရာ 'မဟုတ်ပါဘူး ဒီရေနဲ့ မျောသွားတာပါဗျ၊ ရထားကလည်း သိပါတယ်၊ ဇက်ကပ်မှ ထွက်မှာပါဗျ'ဟု ပြောမှ စိတ်အေးရသည်။ ထိုနေ့က ရထား ၃ နာရီခန့် နောက်ကျမှ ထွက်နိုင်ခဲ့သည်။ ဒီရေအတက်အကျ ကြမ်းလှသော သံလွင်မြစ်ဝပါပေ။

စိတ်ကူးယဉ်နေ၍ မပြီး။ အိမ်မှ တာဝန်များထမ်းဆောင်ရဦးမည် လက်ဖက်ရည်ဆိုင်တွင် ၃ နာရီမျှ ကြာခဲ့သဖြင့် အပြန် မုပွန်ဘက်မှဖြတ်၍ သီရိမြိုင်ရပ်ကွက်မှ ဖြတ်ကာ ခြံထဲသို့ ပြန်ဖို့ လမ်းကြောင်း စိတ်ထဲမှာဆွဲရင်း စက်ဘီးကို နင်းထွက်ခဲ့သည်။ မုပွန် မီးရထားစက်ခေါင်းရုံအနီးရောက်သော် ငယ်စဉ်ဘဝကို သတိရမိသွားသည်။ တစ်ချိန်က မော်လမြိုင်-ရေး ရထားလမ်းပိုင်းတွင် ရထားစက်ခေါင်းဗိုလ်အဖြစ် တာဝန်ထမ်းဆောင်ခဲ့သော ဦးလေးအရင်းဖြစ်သူ ဦးမောင်မောင်၏ လိုင်းခန်းတွင် နေခဲ့ဘူးသည်။ ကျောင်းပိတ်ရက် မန္တလေးမှ လာရောက်လည်ပတ်နေထိုင်ကြသည်။ ရထားတွဲပျက်များပေါ်တွင် ဆော့ကြသည်။ ဒီရေတက်လျှင် ချောင်းရေသည် လိုင်းခန်းအောက်ထိ ရေတက်သည်။ ဒီရေနှင့်အတူ ငါးဖျံကလေးများ ပါလာသည်။ 'ဗုံလုံတစ်လှည့် ငါးဖျံတစ်လှည့်' ဟူသော စကားကို ငယ်ငယ်ကတည်းက ကြားဘူးသည်။ ငါးဖျံကို သေသေချာချာ လေ့လာသည်။ ဖမ်းယူ ကြည့်ရှုကြသည်။ မျက်လုံးပြူးပြူး လက်ကလေးများနှင့် ငါးလိုလို၊ ဖားလိုလို ကောင်လေးများဖြစ်သည်။ ရေထဲဆင်းဆော့ရသည်မှာ ပျော်ရွှင်မဆုံး၊ စက်ခေါင်းဗိုလ် ဦးမောင်မောင်မှာ ရေး-မော်လမြိုင်လမ်းပိုင်းတွင် သောင်းကျန်းသူများ၏ ပစ်ခတ်မှုကြောင့် ရထားမောင်းရင်း ကျဆုံးခဲ့ရသည်။ ရထားလိုင်းခန်းရှေ့ စက်ဘီးဖြတ်နင်းရင်း ခေတ္တနေခဲ့ဘူးသော နေရာလေးကို ကြည့်၍ ဦးလေးကို လွမ်းမိသည်။ သီရိမြိုင်ရပ်ကွက်သို့ ရောက်ပြီး ရပ်ကွက်မှ အထက် မုဒုံလမ်းမကြီးအရောက် ရန်အောင်လမ်းဖြင့် ဆက်သွယ်ထားသည်။ ရန်အောင်လမ်းအတိုင်းတက်ပြီး ရာဘာဘော်လုံးရုံကျော်လျှင် ခြံထဲသို့ ရောက်ပြီ ဖြစ်သည်။

စက်ဘီးခြံဝသို့ ရောက်သည်နှင့် တူလေးဖြစ်သူနှင့် နွားပေါက်ကလေးက ခုန်ပေါက်ပြေးလွှားကာ လာရောက်ကြိုဆိုသည်။ စက်ဘီးပေါ်မှ ဆင်းကာ နွားပေါက်ကလေးနှင့် တူဖြစ်သူတို့နှင့်အတူ ပြေးလွှားခုန်ပေါက်ရင်း ခြံထဲသို့ ဝင်ခဲ့ပါတော့သည်။

**(ဆက်လက်ဖော်ပြပါမည်)**

# ကျေးရွာစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာကြည့်တိုက်အသစ် ဆောက်လုပ်နိုင်ရေးလုပ်ငန်း ညှိနှိုင်းအစည်းအဝေးကျင်းပ



**မြစ်သား ဇွန် ၁၃**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ မြစ်သားမြို့နယ်တွင် အုပ်ရစ်ကုန်းကျေးရွာအုပ်စု၊ သမတန်းကျေးရွာတွင် စာကြည့်တိုက်အသစ် ဆောက်လုပ်နိုင်ရေးအတွက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများမှ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့်ရပ်ကျေးစာရေးများ၊ စာကြည့်တိုက်ကော်မတီဝင်များနှင့်တွေ့ဆုံ၍ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယမန်နေ့နံနက်ပိုင်းက မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အစည်းအဝေးခန်းမတွင် ကျင်းပခဲ့သည်။

ရှေးဦးစွာ မြစ်သားမြို့နယ် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအေးခိုင်က စာကြည့်တိုက်အသစ် ဆောက်လုပ်နိုင်ရေးအတွက် မြစ်သားမြို့နယ်အတွင်းရှိ မြို့နှင့်အနီးဆုံးနေရာတွင်တည်ရှိသော စာကြည့်တိုက် အသစ်ဆောက်လုပ်ရာတွင် အနီးကပ်ကြီးကြပ်ဆောင်ရွက်ရန် အဆင်ပြေချောမွေ့သည့် အုပ်ရစ်ကုန်းကျေးရွာအုပ်စု၊ သမတန်းကျေးရွာအား ရွေးချယ်ထားကြောင်း ပြောကြားခဲ့သည်။

ဆက်လက်၍ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးအရာရှိ ဒေါ်သီတာအောင်က ဒေသခံပြည်သူများ စာဖတ်ရှုနိုင်မြင့်တင်ရေး၊ အသိပညာ ဗဟုသုတတိုးပွားစေရေး၊ စာအုပ်စာစောင်များ လှူဒါန်းထောက်ပံ့ပေးနိုင်ရေးနှင့် စံ(၅)ချက်ညီစာကြည့်တိုက်သစ်များ ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း၊ စာကြည့်တိုက်ဖွင့်ချိန်၊ ပိတ်ချိန် စနစ်တကျဆောင်ရွက်ရေး၊ စာအုပ်စင်၊ စာအုပ်ဗီရိုများ ပြည့်စုံရေး၊ စာအုပ်စာစောင်များ ပိုမိုများပြားစွာရရှိရေး၊ စာငှားစာဖတ်များ ပိုမိုတိုးတက်အောင် ဆောင်ရွက်နိုင်ရေးတို့ကို ဆွေးနွေးပြောကြားခဲ့သည်။ **(အပေါ်ယာပုံ)**

ထို့နောက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများက သိရှိလိုသည့် အကြောင်းအရာများကို မေးမြန်းရာ တာဝန်ရှိသူများက ပြန်လည် ရှင်းလင်းဖြေကြားခဲ့သည်။

အဆိုပါ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ မြို့နယ်စီမံအုပ်ချုပ်ရေး အဖွဲ့ဥက္ကဋ္ဌ ဦးအေးခိုင်နှင့်ဝန်ထမ်းများ၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်သီတာအောင်နှင့် ဝန်ထမ်းများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့်ရပ်ကျေးစာရေးများ၊ စာကြည့်တိုက်ကော်မတီဝင်များ တက်ရောက်ခဲ့ကြောင်းသိရသည်။

**ဝါဝါမြင့်(မြစ်သား)**

# နိုင်ငံသားစိစစ်ရေးကတ် ကွင်းဆင်းဆောင်ရွက်ပေး

**ကျောက်ပန်းတောင်း ဇွန် ၁၃**

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင်၊ ကျောက်ပန်းတောင်းမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံးမှ မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများက "လူမှု ဘဝ ပြည့်စုံဖို့ နိုင်ငံသားကတ်ကိုင်ကြစို့"ဟူသောဆောင်ပုဒ်နှင့်အညီ ပန်းခင်းစီမံချက်(၃)ဖြင့် ဇွန် ၁၂ရက် နံနက် ၁၀ နာရီက ကျောက်ပန်းတောင်းမြို့၊ လွတ်လပ်ရေးရပ်ကွက်ရှိ အခြေခံပညာ အထက်တန်းကျောင်းသို့ သွားရောက်ပြီး ကျောင်းသား၊ ကျောင်းသူများကို နိုင်ငံသားစိစစ်ရေးကတ် ကွင်းဆင်းပြုလုပ်ခဲ့သည်။ **(အောက်ဝဲပုံ)**



အဆိုပါ ပန်းခင်းစီမံချက်(၃)ဖြင့် နိုင်ငံသားစိစစ်ရေးကတ် ကွင်းဆင်းပြုလုပ်ပေးရာတွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ကျောက်ပန်းတောင်းမြို့နယ် ဦးစီးမှူးရုံးမှ မြို့နယ်ဦးစီးမှူး ဦးစိုးပိုင်နှင့် ဝန်ထမ်းများက နိုင်ငံသားစိစစ်ရေးကတ် ပြုလုပ်ရာတွင် ပါရှိရမည့် အထောက်အထားများ၊ နိုင်ငံသားစိစစ်ရေးကတ် ကိုင်ဆောင်ရာ၌ မပျောက်ပျက်အောင် ထိန်းသိမ်းရမည့်နည်းလမ်းများ၊ နိုင်ငံသားကတ်ပြား၏ အသုံးဝင်မှုအကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားပြီး လွတ်လပ်ရေးရပ်ကွက် အခြေခံပညာအထက်တန်းကျောင်းရှိ အသက်(၁၀)နှစ်ပြည့် နိုင်-၃(က)ကျောင်းသား၂၇ဦး၊ ကျောင်းသူ ၂၃ဦး၊ စုစုပေါင်း ကျောင်းသား၊ ကျောင်းသူ ၅၀ဦးကို အထောက်အထားများစိစစ်၍ နိုင်ငံသားစိစစ်ရေးကတ် ကိုင်ဆောင်နိုင်ရေး စနစ်တကျ ပြုလုပ်ဆောင်ရွက်ပေးသည်။

ကျောက်ပန်းတောင်းမြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာများတွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ကျောက်ပန်းတောင်းမြို့နယ် ဦးစီးမှူးရုံးမှ ပန်းခင်းစီမံချက်(၃)ဖြင့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ် ကွင်းဆင်းဆောင်ရွက်ပေးခြင်း၊ ဇီဝဆိုင်ရာ အချက်အလက်များ ကောက်ယူခြင်းလုပ်ငန်းများကို ကြိုးပမ်းဆောင်ရွက်လျက်ရှိသည့်အပြင် ယခုကဲ့သို့ အခြေခံပညာကျောင်းများသို့ ကွင်းဆင်းပြီး ကျောင်းသား၊ ကျောင်းသူများကို အသက်(၁၀)နှစ်ပြည့် နိုင်ငံသားစိစစ်ရေးကတ် ကိုင်ဆောင်ခွင့်ရရှိစေရန် ကွင်းဆင်း ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

(၄၄၅)

# MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရန် ရက်ကန်းသင်တန်းများ စဉ်ဆက်မပြတ် ဖွင့်လှစ်သင်ကြားပေးလျက်ရှိ

**မိတ္ထီလာ ဇွန် ၁၃**

သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ မန္တလေးတိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန၊ရက်ကန်းနှင့် အသက်မွေးပညာသင်တန်းကျောင်း(မိတ္ထီလာမြို့)မှ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်အတွင်း ချည်မျှင်နှင့်အထည်အလိပ် ကျွမ်းကျင်သူ တစ်နှစ်သင်တန်းနှင့် လက်ရက်ကန်း ဖလသင်တန်းတို့ကို ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။

၎င်းသင်တန်းများအား မြန်မာ့ရိုးရာရက်ကန်းပညာရပ်များ မတိမ်ကော၊ မပပျောက်စေရန်အတွက် ထိမ်းသိမ်းစောင့်ရှောက်ရန်၊ ရက်ကန်းဆိုင်ရာပညာရပ်များ စနစ်တကျ ပြန့်ပွားစေရန်၊ အလုပ်အကိုင်အခွင့်အလမ်းပိုမိုရရှိစေရန်၊ အလုပ်အကိုင်အခွင့်အလမ်း ရရှိစေခြင်းဖြင့် တစ်ဦးချင်း ဝင်ငွေ၊ မိသားစုဝင်ငွေ ရရှိစေရန်၊ တစ်နိုင်တစ်ပိုင် စီးပွားရေးလုပ်ငန်းများ ပေါ်ထွက်လာစေရန်၊ MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရန်ရည်ရွယ်၍ ဖွင့်လှစ်ပေးလျက်ရှိသည်။ ၎င်းသင်တန်းအားတက်ရောက်လိုသူများအနေနှင့် အခြေခံပညာမူလတန်းအဆင့် အောင်မြင်ပြီး အသက် ၁၆ နှစ်မှ ၂၅နှစ်အတွင်းရှိသူများ မည်သူမဆို တက်ရောက်နိုင်ပြီး သင်တန်းကာလတစ်လျှောက် သဘာဝဆေးဆိုးခြင်း၊ ဓာတုဗေဒဆေးဆိုးခြင်း၊ အမျှင်အမျိုးမျိုးအကြောင်း၊ စက်ရက်ကန်း၊ လက်ရက်ကန်း၊ စက်နှင့်ချည်မျှင်ဆွဲခြင်း၊ လက်နှင့်ချည်မျှင်ဆွဲခြင်း၊ အထည်ဒီဇိုင်းဖန်တီးခြင်းစသော ဝါမှအထည်ဖြစ်သည်အထိ အဆင့်ဆင့်ကို စာတွေ့ရော၊ လက်တွေ့ပါ သင်ကြားပေးသည့်အပြင် အခြေခံစက်ချုပ်ပညာရပ်ကိုလည်း ပူးတွဲသင်ကြားပေးလျက်ရှိသည်။

ယင်းသင်တန်းတွင် သင်တန်းသား၊သင်တန်းသူတစ်ဦးကို တစ်လလျှင် ပညာသင်စရိတ်အဖြစ်တစ်လငွေကျပ် ၃၀၀၀၀ ပေးအပ်ပြီး အဆောင်နေထိုင်မည့်သင်တန်းသား၊ သင်တန်းသူများအတွက် နေထိုင်ရေး၊ စားသောက်ရေး၊ ကျန်းမာရေးစောင့်ရှောက်မှုများအပြင် သင်တန်းကြေးအခမဲ့ဖြစ်ပြီး သင်တန်းတွင်အသုံးပြုမယ့် လက်သုံးကိရိယာများ၊ ကုန်ကြမ်းပစ္စည်းများအား အခမဲ့သုံးစွဲနိုင်ရန် စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။ လက်ရက်ကန်း ဖလသင်တန်း ဒုတိယအကြိမ်အဖြစ် ဇူလိုင်၁ရက်တွင် သင်တန်း ဖွင့်လှစ်မည်ဖြစ်သည့်အတွက် သင်တန်းတက်ရောက်လိုသူများ ကန်သာယာရပ်ကွက်၊ နာရီစင်တွင်ရှိသော ရက်ကန်းနှင့်အသက်မွေးပညာသင်တန်းကျောင်းသို့ လာရောက်စာရင်းပေးသွင်းနိုင်ပြီး ၀၆၄-၂၃၅၁၆ကို ဆက်သွယ်၍ သိလိုသည်များလည်း မေးမြန်းစုံစမ်းနိုင်ပါကြောင်းနှင့်အဆိုပါသင်တန်းများ ပြီးဆုံးပါက အလုပ်အကိုင်ရရှိစေရန် ချိတ်ဆက်ဆောင်ရွက်ပေးလျက်ရှိကြောင်းကျောင်းအုပ် ဒေါ်ခင်စန်းတင်ထံမှ သိရသည်။

(၄၆၉)

### ၂၀၂၅အာရှယူ-၂၀ ခြေစစ်ပွဲအုပ်စု(I)တွင်မြန်မာယူ-၁၉အသင်းကျရောက်

မြန်မာ့လက်ရွေးစင် ယူ-၁၉ အသင်းသည် ၂၀၂၅ အာရှယူ-၂၀ ခြေစစ်ပွဲ အုပ်စု (I) တွင် ဂျပန်၊ ကာဂျစ်စတန်၊ တာ့ခ်မင်နစ္စတန်အသင်းတို့နှင့်အတူ ကျရောက်လျက်ရှိသည်။

ခြေစစ်ပွဲ အုပ်စု(I) ကို အိမ်ရှင်အဖြစ် ကာဂျစ်စတန် နိုင်ငံက လက်ခံကျင်းပမည်ဖြစ်ပြီး ၂၀၂၄ ခုနှစ် စက်တင်ဘာ ၂၁ရက်မှ ၂၉ရက်အတွင်း ကျင်းပရန် စီစဉ်ထားသည်။

ခြေစစ်ပွဲကို အုပ်စု (၁၀) စုခွဲ၍ ကျင်းပမည်ဖြစ်ပြီး အုပ်စုပထမရရှိသည့် ၁၀ သင်း၊ အကောင်းဆုံး အုပ်စုဒုတိယရသည့် (၅) သင်းတို့ ခြေစစ်ပွဲ အောင်မြင်မည်ဖြစ်ကာ နောက်ဆုံးအဆင့်ပြိုင်ပွဲကို တရုတ်နိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည်ဖြစ်သည်။(NGB)

# ကလေးအလုပ်သမားဆန့်ကျင်တိုက်ဖျက်ရေး အသိပညာပေး ဟောပြောပွဲကျင်းပ

**ကျိုင်းတောင်း ဇွန် ၁၃**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ မိုးနဲမြို့နယ်၊ ကျိုင်းတောင်းမြို့၌ အခြေခံပညာမူလတန်း (ပါဆာ) ကျောင်းသို့သွားရောက်၍ ကျောင်းသား၊ ကျောင်းသူများ ကျောင်းစာများအပြင် ပြင်ပဗဟုသုတ အသိပညာများ ရရှိစေရန်ရည်ရွယ်၍ ဇွန်၁၁ရက် နံနက်ပိုင်း ၁၁ နာရီက ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရှိ ဝန်ထမ်းများက ကလေးအလုပ်သမား ဆန့်ကျင်တိုက်ဖျက်ရေး အသိပညာပေးဟောပြောပွဲ ကျင်းပခဲ့သည်။ **(အောက်ပုံ)**

အဆိုပါ ဟောပြောပွဲတွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဦးစိုင်းသီဟထွန်းက ကျောင်းသား၊ ကျောင်းသူများကို "ကလေးအလုပ်သမားပပျောက်ရေး" ခေါင်းစဉ်ဖြင့် ဟောပြောဆွေးနွေးပြီး အသိဉာဏ်ပညာများ ဖွံ့ဖြိုးစေရန်အတွက် ဗဟုသုတရရှိနိုင်သော စာပေများဖတ်မှတ်လေ့လာရမည့် အကြောင်းအရာများကို ဖြည့်စွက်ကာ ဟောပြော၍ ကျောင်းသား၊ ကျောင်းသူများမှ သိရှိလိုသော အကြောင်းအရာများကို ဆွေးနွေးဟောပြောဆောင်ရွက်ခဲ့သည်။

ဟောပြောပွဲအပြီးတွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ ပြသထားသည့်ကလေးအလုပ်သမားဆန့်ကျင်ရေး အသိပညာပေး နံရံကပ်စာစောင်နှင့် ဓာတ်ပုံများကို ကျောင်းသား၊ ကျောင်းသူများက ကြည့်ရှု လေ့လာခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ ၂၀၂၄ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး ရေကူးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားသို့ တက်ရောက်ကြည့်ရှုအားပေးပြီး ဆုများပေးအပ်ချီးမြှင့်





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ ၂၀၂၄ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီးရေကူးပြိုင်ပွဲ အမျိုးသမီး မီတာ ၂၀၀ လွန်းပျံအလွတ်ကူးပြိုင်ပွဲ ဗိုလ်လုပွဲ ယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးစဉ်။

နေပြည်တော် ဇွန် ၁၃

၂၀၂၄ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး ရေကူးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိရေကူးကန်၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင်များ တက်ရောက် ကြည့်ရှုအားပေးကြသည်။

### တက်ရောက်

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင်များဖြစ်ကြသည့် ဒေါ်ဒွဲဘူ၊ ပိုးရယ်အောင်သိန်း၊ မန်းငြိမ်းမောင်၊ ဒေါက်တာမှုထန်၊ ဒေါက်တာဘရှေခွန်စံလွင်၊ ဦးရွှေကြိမ်းနှင့် ဦးရန်ကျော်၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံရေကူးအဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ ပြိုင်ပွဲဝင်အသင်းများမှ အုပ်ချုပ်သူ/ နည်းပြများနှင့် အားကစားသမားများ တက်ရောက်ကြသည်။

ဦးစွာ ၂၀၂၄ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး အမျိုးသား မီတာ ၂၀၀ လွန်းပျံ အလွတ်ကူး ဗိုလ်လုပွဲယှဉ်ပြိုင်နေမှုနှင့် အမျိုးသမီး မီတာ ၂၀၀ လွန်းပျံအလွတ်ကူး ဗိုလ်လုပွဲ ယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးကြသည်။

ထို့နောက် ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပရာပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် Jeng Phang နော်တောင်၊ ဒေါက်တာစိုးဝင်းနှင့် ဒေါက်တာမျိုးသိန်းကျော်တို့က အမျိုးသမီး မီတာ ၅၀ ရင်ပေါင်တန်းကူး ပြိုင်ပွဲတွင် ပထမ၊ ဒုတိယနှင့် တတိယဆု ရရှိကြသူများ၊ အမျိုးသား မီတာ ၅၀ လိပ်ပြာကူးပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆု ရရှိကြသူများနှင့် အမျိုးသမီး မီတာ ၅၀ လိပ်ပြာကူးပြိုင်ပွဲတွင် ပထမ၊ ဒုတိယနှင့် တတိယဆု ရရှိကြသူများကို ဂုဏ်ပြုဆုတံဆိပ်နှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် ဦးရန်ကျော်နှင့် ဦးရွှေကြိမ်းတို့က အမျိုးသား မီတာ ၅၀ အလွတ်ကူးပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆု ရရှိကြသူများနှင့် အမျိုးသမီး မီတာ ၅၀ အလွတ်ကူးပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆု ရရှိကြသူများကို ဂုဏ်ပြုဆုတံဆိပ်နှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ကြသည်။

### ပေးအပ်ချီးမြှင့်

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် ခွန်စံလွင်က အမျိုးသား မီတာ ၂၀၀ လွန်းပျံအလွတ်ကူး ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် မန္တလေးတိုင်းဒေသကြီးနှင့်တတိယဆုရရှိသည့် ဧရာဝတီတိုင်းဒေသကြီးအသင်းတို့ကိုလည်းကောင်း၊ နိုင်ငံတော်စီမံ အုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် ဒေါက်တာဘရှေက အမျိုးသမီး မီတာ ၂၀၀ လွန်းပျံအလွတ်ကူးပြိုင်ပွဲတွင် ပထမဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် ဧရာဝတီတိုင်းဒေသကြီးနှင့် တတိယဆုရရှိသည့် ပဲခူးတိုင်းဒေသကြီးအသင်းတို့ကို လည်းကောင်း ဂုဏ်ပြုဆုတံဆိပ်နှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် ဒေါက်တာမှုထန်က အကောင်းဆုံး အမျိုးသမီး အားကစားသမားဆုနှင့် အကောင်းဆုံးအမျိုးသား အားကစားသမားဆုရရှိကြသူများကို ဆုဖလားနှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင်နှင့် ပိုးရယ်အောင်သိန်းတို့က အမျိုးသမီးတံခွန်စိုက်ဆုဖလားနှင့် အမျိုးသားတံခွန်စိုက် ဆုဖလားရရှိကြသည့် ရန်ကုန်တိုင်းဒေသကြီး အမျိုးသမီးအသင်းနှင့် အမျိုးသားအသင်းတို့ကို တံခွန်စိုက်ဆုဖလားများ ပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် ဒေါ်ဒွဲဘူက ၂၀၂၄ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး ရေကူးပြိုင်ပွဲတွင် စုပေါင်းတံခွန်စိုက်ဆုဖလားရရှိသည့် ရန်ကုန်တိုင်းဒေသကြီးအသင်းကို စုပေါင်းတံခွန်စိုက်ဆုဖလား ပေးအပ်ချီးမြှင့်သည်။

ယခုကျင်းပသည့် ၂၀၂၄ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး ရေကူးပြိုင်ပွဲကို ပြည်နယ်နှင့် တိုင်းဒေသကြီးများမှ လူငယ်များ ရေကူးအားကစားနည်းကို ပိုမိုစိတ်ပါဝင်စားလာစေရေးနှင့် ထူးချွန်ထက်မြက်သည့် မျိုးဆက်သစ် ရေကူးအားကစားသမား လူငယ်များ ပေါ်ထွက်လာစေရေးအတွက် ရည်ရွယ်၍ ဇွန် ၁၂ ရက်မှ ၁၃ ရက်အထိ ကျင်းပပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပိုးရယ်အောင်သိန်း အမျိုးသားတံခွန်စိုက် ဆုဖလားရရှိသည့် ရန်ကုန်တိုင်းဒေသကြီး အမျိုးသားအသင်းကို တံခွန်စိုက်ဆုဖလား ပေးအပ်ချီးမြှင့်စဉ်။

# စက်သုံးဆီ 92,95 Ron ဈေးနှုန်းများ တည်ငြိမ်လျက်ရှိ

**မန္တလေး ဇွန် ၁၃**

စွမ်းအင်ဝန်ကြီးဌာနမှထုတ်ပြန်သော ဈေးနှုန်းအချက်အလက်များကို အခြေခံ၍ စက်သုံးဆီ သိုလှောင်ဖြန့်ဖြူးရောင်းချသူများအသင်းက ယနေ့တွင် ထုတ်ပြန်ခဲ့သော စက်သုံးဆီ ဈေးနှုန်းများအရ 92,95 Ron စက်သုံးဆီ အမျိုးအစားများ ဈေးနှုန်းပြောင်းလဲမှုမရှိဘဲ တည်ငြိမ်လျက်ရှိကြောင်း ထုတ်ပြန်ချက်အရ သိရသည်။

စက်သုံးဆီဈေးနှုန်းများအား ရန်ကုန်မြို့၊ မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကား ဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ်မြို့တော်များအတွက် ရည်ညွှန်းလက်လီ ဈေးနှုန်းများကို ထုတ်ပြန်ပေးလျက်ရှိသည်။

ဇွန် ၇ ရက်နေ့စက်သုံးဆီ လက်ကားဈေးနှုန်းများမှာ ရန်ကုန် 92 Ron ၂၄၉၅ ကျပ်၊ 95 Ron ၂၆၁၅ ကျပ်၊ HSD(500ppm) ၂၃၀၅ ကျပ်၊ HSD(50ppm) ၂၃၀၅ ကျပ်၊ HSD(10ppn) ၂၃၅၀ ကျပ်၊ မန္တလေး 92 Ron ၂၅၆၀ ကျပ်၊ 95 Ron ၂၆၈၅ ကျပ်၊ HSD(500ppm) ၂၃၇၀ ကျပ်၊ HSD(50ppm) ၂၄၂၀ ကျပ်၊ HSD(10ppn) ၂၄၂၀ ကျပ်ရှိသည်။

ဇွန် ၁၃ ရက်နေ့စက်သုံးဆီလက်ကား ဈေးနှုန်းများမှာ အထက်ပါ ထုတ်ပြန်ဈေးနှုန်းများ ဖြစ်သည့် ရန်ကုန် 92 Ron ၂၄၉၅ ကျပ်၊ 95 Ron ၂၆၁၅ ကျပ်၊ HSD(500ppm) ၂၃၀၅ ကျပ်၊ HSD(50ppm) ၂၃၀၅ ကျပ်၊ HSD(10ppn) ၂၃၅၀ ကျပ်၊ မန္တလေး 92 Ron ၂၅၆၀ ကျပ်၊ 95 Ron ၂၆၈၅ ကျပ်၊ HSD(500ppm) ၂၃၇၀ ကျပ်၊ HSD(50ppm) ၂၄၂၀ ကျပ်၊ HSD(10ppm)၂၄၂၀ ကျပ်ရှိသည်။

ဇွန် ၁၃ ရက်နေ့ စက်သုံးဆီ လက်လီဈေးနှုန်းများမှာ တစ်လီတာလျှင် မန္တလေး ဈေးကွက်အတွင်း 92 Ron ၂၄၃၄ ကျပ်၊ 95 Ron ၂၅၅၄ ကျပ်၊ HSD(500ppm) ၂၂၄၂ ကျပ်၊ HSD(50ppm) ၂၂၉၀ ကျပ်၊ HSD(10ppn) ၂၂၉၀ ကျပ်ရှိသည်။

လက်ရှိထုတ်ပြန်ထားသော ဈေးနှုန်းများမှာ MOPS ဈေးနှုန်းများအပေါ်တွင် အခြေခံတွက်ချက်ကာ ထုတ်ပြန်ထားခြင်းဖြစ်ကြောင်း၊ သုံးစွဲသူများအနေဖြင့် စက်သုံးဆီဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက စက်သုံးဆီ တင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်မှုကော်မတီ၏ ဖုန်းနံပါတ်များဖြစ်သည့် ၀၆၇-၄၁၁၃၇၃,၀၆၇-၄၁၁၂၈၂,၀၉-၇၇၅၂၉၃၆၃၂,၀၉-၂၅၄၆၂၅၄၇၇ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်-ဓ)